(က–၄) သို့/ ဆရာ၊ ဆရာသည် ဟတ္ထိယာနံ ဥတ္တမံ–စသော စကားရပ်ဖြင့် ဆင်ယာဉ်သည် မြတ်သည့်အတွက် မြတ်သောဘုရားရှင်ထံ သွားသည့်အခါ မြတ်သော ယာဉ်ဖြင့်သာလျှင် သွားသင့် သွားထိုက်သောကြောင့် ဟတ္ထိယာနာနိ=ဆင်ယာဉ်တို့ကို က,စေ ပါသည်ဟု ဖွင့်ဆို၏။ မြတ်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်သာလျှင် အဇာတသတ်မင်းသည် ဆင်ယာဉ်တို့ကို က,စေပါသလော၊ အဘယ်အကြောင်းကြောင့် လည်း ဆင်ယာဉ်တို့ကို က,စေပါသနည်း၊ စုဒ်ကြောင့် (က–၃) မိန့်။

ဏား= ဆင်ယာဉ်သည် နည်းသော အသံရှိသောကြောင့် ဆင်ယာဉ်ကို က,စေခြင်း ဖြစ်သည်ဟု အကြောင်းတမျိုးကို ငါပြဆိုပါ၏ဟူလို။

(က–၅) သို့/ အနုသဓန္တ ။ ။ ဤသို့ (က–၄) စသည်ဖြင့် မြင်းယာဉ် ရထားတို့၏ ရှန့်ရင်းကြမ်းတမ်းသော အသံရှိသည်၏အဖြစ်၊ အဝေးကပင် ၎င်းတို့၏ အသံကိုပင် ကြားနိုင်သည်၏အဖြစ်ကို ပြပြီး၍ ယခုအခါ၌ ဆင်ယာဉ်၏ နည်းသောအသံရှိသည်၏ အဖြစ်ကို ပြခြင်းငှာ (က–၅) ကိုမိန့်။

(က–၆) သို့/ အနုသဓန္တ ။ ။ ဤသို့ (က–၅) ဖြင့် ဆင်ယာဉ်၏ နည်းသော အသံရှိသည်၏ အဖြစ်တည်းဟူသော အကြောင်းကို ပြပြီး၍ ယခုအခါ၌ အကျိုးကို ပြခြင်းငှာ (က–၆) ကိုမိန့်။

(က–၆) သို့/ ဆရာ၊ ဆရာသည် (က–၅) ဖြင့် ဆင်ယာဉ်သည် ဖဝါးခြေထပ် သွားပါသော်လည်း အသံမကြားသောကြောင့် ဆင်ယာဉ်ကို က,စေ၏ဟု ဖွင့်ပြတော်မူ၏။ အသံကြားသည်ဖြစ်စေ, မကြားသည်ဖြစ်စေ ဘုရားထံမှောက် ရောက်ရန်သာ လိုရင်းဖြစ်၍ အခြားယာဉ်တို့ဖြင့်လည်း သွားသင့်သည် မဟုတ်ပါလော၊ အဘယ်အကြောင်းကြောင့်လည်း ဆင်ယာဉ်ကို က,စေပါသနည်း၊ (က–၆) ကိုမိန့်။

(ခ) သို့/ အနုသဓန္တ ။ ။ ဤသို့ (က) ဖြင့် ဟတ္ထိယာနာနိ–ဟု အဇာတသတ်မင်းဆိုရာ၌ ရှေးဦးစွာဖြစ်သော အကြံအစည်ကို ဖြေပြီး၍ ယခုအခါ၌ ဟတ္ထိနိကာသဒ္ဓါသည် ကရေဏု–ပရိယာယ်တည်း၊ ငါးပါးလုံးအတိုင်းအရှည်ရှိသော ဆင်မတစ်ရာဟူသည်လည်း ငါးခုတို့ဖြင့် မြှောက်အပ်သော ဆင်မ တစ်ရာပင်တည်းဟု ပြခြင်းငှာ (ခ) မိန့်။

http://www.dhammadownload.com

(၈) ခဒ္ဒိ/ ပုဋ္ဌာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့်--ပြဆို၏။ ဟတ္ထိနိကာသဒ္ဒါ၏ ပရိယာယ်ဝေဝုစ်ကား အဘယ်နည်း၊ ငါးပါးအတိုင်းအရှည်ရှိသော ဆင်မတစ်ရာဟူသည်လည်း အဘယ်မျှ အတိုင်းအရှည်ရှိပါသနည်း၊ စုဒ်ကြောင့် (ခ) မိန့်။

(၉) ခဒ္ဒိ/ အနုသဓန္တ ။ ။ ဤသို့ (ခ) ဖြင့် ဟတ္ထိနိကာသဒ္ဒါသည် ကရေဏု-ပရိယာယ်တည်း၊ ငါးပါးလုံးအတိုင်းအရှည်ရှိသော ဆင်မတစ်ရာဟူသည်လည်း ငါးခုတို့ဖြင့် မြှောက်အပ်သော ဆင်မတစ်ရာပင်တည်းဟု ပြပြီး၍ ယခုအခါ၌ ကပွဓာတ်၏ ပြုခြင်းအနက်၌ ဖြစ်ခြင်းနှင့် ဏာပေ-၏ ကာရိုက် ပစ္စည်း၏ အဖြစ်ကို ပြခြင်းငှာ (ဂ) မိန့်။

(၁၀) ခဒ္ဒိ/ ဆရာ၊ ဆရာသည် (ဃ) ဖြင့် အာရောဟဏိယဟူသည် စီးခြင်းငှာ လျှောက်ပတ်သော ဆင်ဖြစ်၏ဟု ဖွင့်ဆို၏။ ထိုစီးခြင်းငှာလျှောက်ပတ်သော ဆင်ဟူသည် အဘယ်ပါနည်း၊ ခွန်းအားဗလ ကကြိုးတန်ဆာနှင့် ပြည့်စုံသော ဆင်ကိုသာ ဆိုအပ်ပါသလော၊ စုဒ်ကြောင့် (ဇ) မိန့်။

(၁၁-၂) ခဒ္ဒိ/ ဆရာ၊ ဆရာသည် (ဈ-ဝ) ဖြင့် ဇီဝကသည် အဓာတသတ်မင်း မပြောအပ်သော အစီအရင်ကို ပြု၏ဟု အဖြေကို ဆိုအပ်၏။ အဘယ့်ကြောင့် အဓာတသတ်မင်း မပြောဆိုအပ်သော အစီအရင်ကို ပြုအပ်ပါသနည်း၊ မင်းသည် မပြောဆိုအပ်ပါက မပြုလုပ်သင့်သည် မဟုတ်ပါလော၊ စုဒ်ကြောင့် (ဈ-၂) မိန့်။

(၁၂) ကတ္တားခဒ္ဒိ/ သဒ္ဒါနည်း အနုသဓန္တ ။ ။ ဤသို့ အကာသိ-ဖြင့် ကတ္တိ-ကို ပြပြီး၍ ယခုအခါ၌ ယင်း၏ ကတ္တားကို ပြလိုသော ဆရာသည် **ဒေ**-ကို မိန့်။

(၁၃) ကံခဒ္ဒိ/ ပရမတ်နည်း ဓမ္မဓနာ ။ ။ ဆရာ၊ ဆရာသည် အကာသိ-ဟူသော အာရမ္မဏိက အကျိုးပစ္စယုပ္ပန်ကို ဆို၏၊ ယင်း၏ အာရုံ အကြောင်း ပစ္စည်းတရားကား အဘယ်ပါနည်း၊ ပစ္စယုပ္ပန်သည် ပစ္စည်းနှင့် မကင်းကောင်းသည် မဟုတ်ပါလော၊ ပစ္စယုပ္ပန်ကိုသာ ပြု၍ ပစ္စည်းတရားကို မပြသော် ဆရာ့အား ပစ္စယုပ္ပန္န+ပစ္စယ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏၊ စုဒ်ကြောင့် **ဝုတ္ထံ အဝုတ္ထံ**-ကို မိန့်။ **အဓိပ္ပါယ်ကား**- ဝုတ္ထံ အဝုတ္ထံ-ဖြင့် အကာသိ-ဟူသော အာရမ္မဏိကပစ္စယုပ္ပန်၏ ပစ္စည်းတရားကို ငါပြဆိုပါ၏ဟူလို။

(၁၄) ခဒ္ဒိ/ ပညတ်နည်း ပုဋ္ဌာ ။ ။ ဆရာ၊ ဆရာသည် အကာသိ-ဖြင့် မင်းသည် မဆိုအပ်သော အမှုကို ပြုသောဟု ဆို၏။ အဘယ့်ကြောင့် ပြုပါသနည်း၊ ပညာမဲ့သောကြောင့် ပြုသလော၊ စုဒ်ကြောင့် **ပဏ္ဍိတာယ**-မိန့်။ **အဓိပ္ပါယ်ကား**- ပညာရှိသောကြောင့် ပြု၏ဟူလို။

➢ ❾ ။ [က--ဓါတ္ဝတ္ထိရူ] (၁) နနု အနေကာနိ အဿရထာဒီနိ ယာနာနိ ဝိဇ္ဇန္တိ။

(၂) အထ ကသ္မာ "ဟတ္ထိယာနံ"တိ အာဟ။ (၃) နနု ဟတ္ထိယာနံ ဥတ္တမံ၊ ဥတ္တမဿ သန္တိကံ ဥတ္တမယာနေနေဝ ဂန္တဗ္ဗန္တိစ, အဿယာနရထယာနာနိ သသဒ္ဒါနိ၊ ဒူရတောဝ တော သဒ္ဒေါ သုယျတိ၊ ဟတ္ထိယာနဿ ပဒါနုပဒံ သဒ္ဒံ နု သုဏန္တိ။ နိဗ္ဗုတဿ ပန ဓေါ ဘဂဝတော သန္တိကေ နိဗ္ဗုတေဟေဝ ယာနေဟိ ဂန္တဗ္ဗန္တိစ စိန္တယိ။ (၄) တသ္မာ "ဟတ္ထိယာနံ"တိ အာဟ။

ဝိဇ္ဇမာစနသုပိ-ဠ္ဍ အပိ--သဒ္ဒါ၏ ဓမ္မတာကတ္တာ ။ ။ မြင်းယာဉ်-စသော ယာဉ်များစွာ ရှိနေပါ

http://www.dhammadownload.com

လျက် အသုံးမပြုဘဲ ဆင်ယာဉ်ကိုသာ အသုံးပြုမည်ဖြစ်ရာ "မြင်းယာဉ်စသော များစွာသော ယာဉ်"ဟု သော အနက်ကို မနှစ်သက်၍ ဆိုထားသောကြောင့် ဝိဇ္ဇမာနေသုပိ ၌ အပိ-သည် အရုဏ္ဏတ္ထ (ဂရဟတ္ထ) ဧတတက ဖြစ်ပါသည်။

ဝိဇ္ဇမာနသဒ္ဒပိ-၌ ပိ-သဒ္ဒါ ဆိုးချင်းအစကြောင်း ။ ။ မြင်းယာဉ်-စသော ယာဉ်တို့လည်း ရှိပါလျက် "ဟတ္ထိယာနာနိ ကပ္ပါဃေဟိ"ဟု ပါဠိတော်၌ ဆင်ယာဉ်ကိုသာ က,စေ၏ဟု ဆိုသော စကားကို မနှစ်သက်၍ ပိ-သဒ္ဒါကို ဆိုပါသည်။

[က (ခ+ဂ) ဓါကျဓ္ဒိုကိုရှ] (၁) နနု အနေကာနိ အဿရထာဒီနိ ယာနာနိ ဝိဇ္ဇတိ။ (၂) အထ ကသ္မာ ပါဠိယံ ဟတ္ထိယာနာနိတိ အာဟ။ (၃) နနု ဟတ္ထိယာနံ ဥတ္တမံ၊ ဥတ္တမဿ သန္တိကံ ဥတ္တမ ယာနေနေဝ ဂန္တဗ္ဗံ။ (၄) တသ္မာ ပါဠိယံ ဟိတ္ထိယာနာနိတိ အာဟ။

[က (ခ+ဂ+ဃ) ဓါကျဓ္ဒိုကိုရှ] (၁) နနု အနေကာနိ အဿရထာဒီနိ ယာနာနိ ဝိဇ္ဇတိ။ (၂) အထ ကသ္မာ ပါဠိယံ ဟတ္ထိယာနာနိတိ အာဟ။ (၃) နနု အဿယာန ရထ ယာနာနိ သသဒ္ဒါနိ၊ ဒူရတောဝ တေသံ သဒ္ဒေါ သုယျတိ၊ ဟတ္ထိယာနဿ ပဒါနုပဒံ ဂစ္ဆန္တာပိ သဒ္ဒံ နာ သုဏန္တိ။

(၄) တသ္မာ ပါဠိယံ ဟိတ္ထိယာနာနိတိ အာဟ။

[က (ဃ)ဓါကျကိုရှ] (၁) နနု ဟတ္ထိယာနဿ ပဒါနုပဒံ ဂစ္ဆန္တိ။ (၂) အထ ကသ္မာ သဒ္ဒံ နာ သုဏန္တိ။ (၃) ဟတ္ထိယာနာနံ အပ္ပသဒ္ဒတာယ နိဗ္ဗုတယာနံ ဟောတိ။ (၄) တသ္မာ သဒ္ဒံ နာ သုဏန္တိ။

[က (ဇ)ဓါကျကိုရှ] (၁) နနု အနေကာနိ အဿရထာဒီနိ ယာနာနိ ဝိဇ္ဇတိ။ (၂) အထ ကသ္မာ ပါဠိယံ ဟတ္ထိယာနာနိတိ အာဟ။ (၃) နနု နိဗ္ဗုတဿ ပန ဓေါ ဘဂဝတော သန္တိကေ နိဗ္ဗုတေဟော ယာနေဟိ ဂန္တဗ္ဗံ။ (၄) တသ္မာ ပါဠိယံ ဟတ္ထိယာနာနိတိ အာဟ။

[ဈ–ဓါကျကိုရှ] (၁) နနု ဇီဝကေန ရညာ ဝုတ္တံ ယေဝ ကာတဗ္ဗံ။ (၂) အထ ကသ္မာ အဝုတ္တံ အကာသိ။ (၃) ပဏ္ဍိတတာယ။ (၄) တသ္မာ အဝုတ္တံ အကာသိ။

➤ ❾ ။ အသတိ ခိပတိတိ **အဓိဿာ**။ (၃) ပစ်လွှင့်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) မြင်းခြံသည် ဝစနီယ မည်၏။ (၆) ဟယ, တုရင်-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

အသတိ ဘက္ခတိတိ **အဿော**။ (၃) စားခြင်းကြိယာသကတ်သည် ဝစနဟေတု။

နာ သယတိတိ **အဿော**။ (၃) မအိပ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု။

ကဏ္ဍတိ သဒ္ဒံ ကရောတိတိ **ကဏ္ဍဝေဏု**။ (၃) အသံပြုခြင်း ကြိယာသကတ်သည် ဝစနဟေတု။ (၅) ဆင်မခြံသည် ဝစနီယ။ ဟတ္ထိနိ-စသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထ။

ကရောဝ ယသ္သာ နံ ဒီယော ဒန္တော်တိ **ကဓဝေဏု**။ (၃) မရှည်သော အစွယ်၏+ ဆင်မနှင့် အစိတ် အပေါင်း/ဌာနိ-ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု။

ဟတ္ထော (သောဏ္ဍော) ဧတဿ အတ္ထိတိ **ဟတ္ထီ**။ (၃) နာမောင်း၏ ဆင်ခြံနှင့် အဝယဝ-အဝယဝီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု။ (၅) နာမောင်းရှိသော ဆင်ခြံသည် ဝစနီယ။

http://www.dhammadownload.com

(၆) နာဂ, ဂဇ, ကုဉရ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထာ။

ရမန္တိ ဧတေနာတိ **ရဇ္ဇော**။ (၃) မွေ့လျော်ခြင်း ကြိယာသကတ်သည် ဝစနဟေတု။ (၅) မွေ့လျော်ကြောင်း ရထားခြင်္သည် ဝစနီယ။ (၆) သန္ဓန-စသော--။

ရတီယတိ ဥပ္ပါဒီယတီတိ **ရတ္ထော**။ ဟရန္တိ ဧတေနာတိ **ဟတ္ထော**။

ဣဒမိမေသံ ဝိသေသေန ဥဂ္ဂတန္တိ **ဥဇ္ဇာမံ**။ (၃) ကျော်စောထင်ရှားသော ယာဉ်၏ အထူးသဖြင့် ကျော်စောထင်ရှားသော ဆင်ယာဉ်နှင့် ဝိသေသဝန္တ ဝိသေသ/ ဟိန-ဥက္ကဋ္ဌ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် သကတ်သည် ဝစနဟေတု။ (၅) ဆင်ယာဉ်ခြင်္သည် ဝစနီယ။(၆) ပဝရံ, သေဋ္ဌ-စသော--။

ယန္တိ ဧတေဟိတိ **ယာနာနိ**။ (၃) သွားခြင်းကြိယာသကတ်သည် ဝစနဟေတု။ (၅) သွားကြောင်း ယာဉ်ခြင်္သည် ဝစနီယ။ (၆) ဝါဟန, ယောဂ္ဂ-စသော--။ ယာတိ အနေနာတိ **ယာနံ**။ (၃) ယာဉ်၏ ပကတ္တုပနိဿယတည်းဟူသော ကရဏ္ဌ ကြိယာသည် ဝစနဟေတု။

ဥတ္တမဋ္ဌ တံ ယာနဉ္စာတိ **ဥတ္တမယာနံ**။ (၃) မြတ်သော ဂုဏ်၏ ယာဉ်ခြင်္သနှင့် ဂုဏ် ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ဟူသော သကတ်အနက်သည် ဝစနဟေတု။ (၅) မြတ်သော ယာဉ်ခြင်္သည် ဝစနီယ။ (၆) ပဝရဃာနံ, ပဝရဝါဟနံ, အဂ္ဂဝါဟ္မနံ-စသော--။

အာရဗ္ဘတေတိ **အာဒရောဟဏီယံ**။ (၃) ဆင်ယာဉ်၏ အာရမ္ဘဏပစ္စယသတ္တိဟု ဆိုအပ်သော ကမ္မဋ္ဌကြိယာသကတ်သည် ဝစနဟေတု။ (တနည်း) တက်စီးသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တဇ္ဇါဒ်တည်းဟူသော ကတ္တုဋ္ဌကြိယာနှင့် ဆင်ယာဉ်၏ အာရမ္ဘဏ ပစ္စယသတ္တိတည်းဟူသော ကမ္မဋ္ဌ ကြိယာဟု ဆိုအပ်သော သကတ်နှစ်ပါးသည် ဝစနဟေတု။ (၅) စီးအပ်သော ဆင်ခြင်္သည် ဝစနီယ။ (၆) အာရောဟိတဗ္ဗံ-စသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထာ။

ရာဇာနံ ဥပဂန္ဆာ ဟိတိတုမရဟတီတိ **ဩပယျော**။/ ဥပဝဟာယ အရဟတီတိ **ဩပဗဓေယ္ယာ**။ (၃) မင်းကို ဆောင်ခြင်း၏ ဆင်မယာဉ်နှင့် အကျိုး-အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ဟူသော သကတ်အနက်သည် ဝစနဟေတု။ (၅) ဆင်မယာဉ်ခြင်္သည် ဝစနီယ။ (၆) ရာဇဝေယ္ယော-စသော--။

ဥပဂေါပီယတေတိ **ဩပဓေယ္ယံ**။ (၃) လုံခြုံခြင်း ကြိယာသကတ်သည် ဝစနဟေတု။ (၅) မင်းကို လုံခြုံစေနိုင်သော ဆင်မခြင်္သည် ဝစနီယ။ (၆) ဩပဝယ္ယ, ဥပဂေါဝိတ။

ပဒံ အနုဂတံ ပဒံ **မဒါနုပဒံ**။ (၃) ရှေ့မှသွားသော ဆင်ခြေရာ၏ အစဉ်လိုက်သော လူခြေရာနှင့် သဒိသ-သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု။ (၅) ရှေ့ခြေရာသို့ အစဉ်လိုက်သော ခြေရာခြင်္သည် ဝစနီယ။ (၆) ပါဒါနုပါဒံ-စသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထာ။

➢ ❻ ။ (က-၁) **ဝိဇ္ဇမာနဒေသ**-ကို ဝိဇ္ဇမာနတ္ထာ-ဟု ဟိတ်ပြင်လျှင်-အနေကေသံ အဿ ရထဒီနံ ယာနာနံ-ဟု သမ္ဗန် ခံရပါမည်။ (တို့၏/တို့သည် စပ်)

အဓေနဒေကဒေသ-ကို အနေကတ္ထာ-ဟု ဟိတ်ပြင်လျှင်-အဿ ရထဒီနံ ယာနာနံ-ဟု သမ္ဗန် ခံရပါမည်။ (တို့၏/တို့သည် စပ်) * **ဥတ္တမံ**-ကို ဥတ္တမတ္ထာ-ဟု ဟိတ်ပြင်လျှင်= ဟတ္ထိယာနဿ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်) * **အာဒရောဟဏီယံ**-ကို အာရောဟဏီယတ္ထာ-ဟု

http://www.dhammadownload.com

ဟိတ်ပြင်လျှင်- နာဂသ-ဟု သမ္ဗန်ခံ။ (၏/ကို စပ်)

(စ) ၌ **မဇ္ဈိမောယ**-ဟိတ်၏ သမ္ဗန်ကား ဇောသ ဇီဝကသ ဖြစ်သည်။(၏/သည် စပ်)

➢ ❻ ။ (ဆ) ၌ ပဌကရေဏုသတာနိ-ဖြင့် ပဌမတ္တာနိ၌ မတ္တသဒ္ဒါ၏ အနက္ထကာ၏ အဖြစ်ကိုငင်း (ဘာဝတ္ထ) ဟတ္ထိနီ-သဒ္ဒါ၏ ကရေဏုသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကိုငင်း (ပရိယာယ်ပြ အဘိဓေယျတ္ထ) ဟတ္ထိနီကာ၌ ကပစ္စည်း သွတ္ထ၌ သင်္ကသည်၏အဖြစ်ကိုငင်း (ပစ္စယတ္ထ) ဟတ္ထိနိယော ဇဝ ဟတ္ထိနီကာ-ဟု သွတ္ထတဒ္ဓိတ် ပြုရမည်၏ အဖြစ်ကိုငင်း (အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ၌ **ကာရေတ္တေ**-ဖြင့် ကပွါဓေတွာ-၌ ကပွဓာတ်သည် တက္က ဆေဒနတ္ထ မဟုတ်၊ ဝိဓိ=စီရင်ခြင်း အနက်ဟောသည်ဟု သိစေပါသည်။ (ဒု-ဓာတွတ္ထ)

အာရောဟဏသဒ္ဒေန်-ဖြင့် ပြုစီရင်စေ၏ဟူသည် တက်စီးခြင်းငှာ လျှောက်ပတ်သော အစီအရင်ကို ပြုစီရင်စေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ၌ **အာရောဟဏယော**ဂ္ဂ-ဖြင့် အာရောဟဏီယ်၌ အနီယပစ္စည်း ကမ္မသာဓနေ၌ သင်္ကသည်၏ အဖြစ်ကိုငင်း (ဒု-ပစ္စယတ္ထ) အာရောဟိတမ္ဗန္တိ အာရောဟဏီယ်-ဟု ပြုရမည်၏ အဖြစ်ကိုငင်း (အဘိဓာနတ္ထ) အာရောဟနိယ်-ဟု ဆိုလိုလျက် နှ-ကို ဏပြု၍ အာရောဟဏီယ်-ဟု ရုပ်ပြီးနေသည်ကိုငင်း (ဘာဝတ္ထ) သိစေပါသည်။ **(တနည်း)** အာရောဟဏယောဂ္ဂ-ဖြင့် အာရောဟဏီယ်၌ ဏကပစ္စည်း ယောဂ္ဂ တဒ္ဓိတ်၌ သင်္ကသည်ကိုငင်း (ပစ္စယတ္ထ) အာရောဟဏာယ ယောဂ္ဂံ အာရောဟဏီယ်-ဟု ပြုရမည်ကိုငင်း (အဘိဓာနတ္ထ) အာရောဟဏိကံ-ဟု ဆိုလိုလျက် ဏ-ကို ဤပြု၊ က-ကို ယပြု၍ အာရောဟဏီယ်-ဟု ရုပ်ပြီးနေသည်ကိုငင်း (ဘာဝတ္ထ) သိစေသည်။

(တနည်း) အာရောဟဏယောဂ္ဂ-ဖြင့် အာရောဟဏီယ်၌ ဏကပစ္စည်း ယောဂ္ဂတဒ္ဓိတ်၌ သင်္ကသည်ကိုငင်း (ပစ္စယတ္ထ) အာရောဟဏီတုံ ယောဂ္ဂံ အာရောဟဏီယ်-ဟု ပြုရမည်ကိုငင်း (အဘိဓာနတ္ထ) အာရောဟဏိကံ-ဟု ဆိုလိုလျက် ဏ-ကို ဤပြု၊ က-ကို ယပြု၍ အာရောဟဏီယ်-ဟု ရုပ်ပြီးနေသည်ကိုငင်း (ဘာဝတ္ထ) သိစေသည်။ **(ဇ)** ဖြင့် ဘုရင်မင်းမြတ် စီးသင့်၏ဟူသည် မင်းကို လျှို့ဝှက်ခြင်းငှာ စွမ်းနိုင်သည်ဟုပင် သိစေ ပါသည်။ (ဘာဝတ္ထ)

➢ ❼ ။ **ယာဉ်အများရှိမါလျှက် ဘုရားရှင်ထံသို့ ဆင်ယာဉ်ဖြင့်သာ သွားသင့်ခြင်းအကြောင်း** ။ ။ ယာဉ်အများရှိသော်လည်း ဆင်ယာဉ်၏ မြတ်သည်၏အဖြစ်ကြောင့်ငင်း, နည်းသော အသံရှိသည်၏အဖြစ်ကြောင့်ငင်း, မွန်မြတ်ငြိမ်သက်သော ဆင်ယာဉ်ဖြင့်သာ ဘုရားရှင်ထံသို့ သွားသင့်ပါသည်။

ဘုရားရှင်နှင့် ဆင်ယာဉ်တို့ နိဗ္ဗုတမည်ခြင်း တူကြရာ ထူးခြားချက်

မြတ်စွာဘုရားသည် အလုံးစုံသော ကိလေသာတည်းဟူသော အပူကို ငြိမ်းစေတော် မူတတ်သည်၏အဖြစ်ကြောင့် **"နိဗ္ဗုတ"** မည်တော်မူပါသည်။ ဆင်ယာဉ်သည်ကား နည်းသော အသံရှိသည်၏အဖြစ်ကြောင့် အသံတည်းဟူသော ချောက်ချားခြင်းငြိမ်းစေတတ်ရကား **"နိဗ္ဗုတ"** မည်ပါသည်။ ဤသို့ ထူးပါသည်။

* **အဇာတသတ်မင်း၏ စဋ္ဌးထွက်ခြင်းသည် ဘုရား၏ ဇာဇဇကြောင့်လော?**

အပရာဇ အောက်မေ့မိသောကြောင့်လော? မြတ်စွာဘုရား၏ တေဇ-သည် ကာယ ပဿဒ္ဓိ စိတ္တ

http://www.dhammadownload.com

ပဿဒ္ဓိ၏ အကြောင်းဖြစ်သောကြောင့် အဓာတသတ်မင်း၏ ချေးထွက်ခြင်းသည် ဘုရားရှင်၏ တေဇ ကြောင့်ကား မဟုတ်၊ အပရာဓကို အောက်မေ့မိသောကြောင့်သာ ဖြစ်ပါသည်။

➢ ❾ ။ (က–၁) ဓါတ္ယာ- ဝိဒ္ဓန္တေသုပိ ယာနေသု၊ ဟတ္ထိယာနံဝ ဥတ္တမံ။
ဥတ္တမေနေဝ ဂန္တွဲ၊ ဥတ္တမဿ သန္တိကံ။ (ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း)

➢ ❶ ❷ ။ (က–၆) **အာဟာ–ဠ္ဟ ဓာတ်အရ** ။ ။ (၁) ဝိရိယပြဋ္ဌာန်းသော မဟာ ကုသိုလ် စိတ္တဖြွါဒ်သည် (၀၊) ၎င်း၌ ဝိရိယသည် ဥဿာဟဌာယီဘာဝ+ဓမ္မဝိရရသ မည်၏။ (၂) ဆင်ယာဉ်တို့သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဆင်ယာဉ်တို့၏ ဥတ္တမ ဟောဂုဏ်နှင့် အပွသဒ္ဒဟောဂုဏ်, မွန်မြတ်တော်မူ ငြိမ်သက်တော်မူသော ဘုရားရှင်ထံသို့ မွန်မြတ်ငြိမ်သက်သော ဆင်ယာဉ်ဖြင့်သာ သွားသင့်၏ ဟု ဖြစ်သော အကြံအစည်တို့သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) အဓာတသတ်မင်း၏ ဆင်ယာဉ်တို့ကို ပြုပြင်စီရင်လော့–ဟူသော ဝါစသိက ပယောဂ၊ ဘုရားရှင်ထံတော်သို့ ဆင်ယာဉ်ကိုစီး၍ သွားရခြင်း၊ သာမညဖလ တရားတော်ကို ကြားနာရခြင်း၊ အိပ်စက်တော်မူနိုင်ခြင်း၊ ရတနာသုံးပါးအား မဟာလဘာသက္ကာရကိုပြုခြင်း စသည်တို့သည် အနုဘာဝ မည်၏။

ဂန္ဆုံ–ဠ္ဟိ ဂမုဓာတ်အရ ။ ။ ဘုရားရှင်အထံတော်သို့ သွားသော အဓာတသတ်မင်း၏ သန္တာန် ၌ဖြစ်သည့် ဝိရိယ သဒ္ဓါ စသည်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တဖြွါဒ်သည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂ်ါရ ရသ မည်၏။ ဘုရားရှင်သည်၎င်း, ဇီဝက–က တဆင့်ပြောကြား၍ သိရသော ဘုရားရှင်၏ အရဟံ– စသော ဂုဏ်တော်များသည်၎င်း အာရမ္မဏဝိဘာဝမည်၏။ မြတ်သော ယာဉ်, ငြိမ်သော ယာဉ်ခေါ်သည့် ဆင်ယာဉ်သည်၎င်း, အိပ် မျော်မှု ပြဿနာကို မေးမြန်းလျှောက်ထားလိုခြင်းသည်၎င်း ဥဒ္ဒီပနဝိဘာဝ မည်၏။ ဘုရားရှင်ထံတော်သို့ ဆင်ယာဉ်ကိုစီး၍ သွားရခြင်း၊ သာမညဖလ တရားတော်ကို ကြားနာရခြင်း၊ အိပ်စက်တော်မူနိုင်ခြင်း၊ ရတနာသုံးပါးအား မဟာလဘာသက္ကာရကိုပြုခြင်း စသည်တို့သည် အနုဘာဝ။

နိဗ္ဗုတာသေ–အရ ။ ။ ကိလေသာတို့မှ ငြိမ်းအေးသော အခြင်းအရာအားဖြင့်ဖြစ်သော သမာဓိ ပဿဒ္ဓိပြဋ္ဌာန်းသော စိတ္တဖြွါဒ်သည် သမတ္ထယီဘာဝ+သန္တရသ မည်၏။ မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ကိလေသာ အပူဆေး၍ ငြိမ်းအေးခြင်း ဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) နိဗ္ဗုတယာဉ် တို့ဖြင့် သွားထိုက်ခြင်း စသည်သည် အနုဘာဝ မည်၏။

ကမ္မါဓေယတ္တာဠ္ဟ ဓာတ်အရ/အကာသေ–ဠ္ဟ အန္တတ်အရ ။ ။ စီရင်သော ဇီဝကသန္တာန်၌ ပညာ ဝိတက် ဝိရိယ ပြဋ္ဌာန်းသော စိတ္တဖြွါဒ်သည် (၀၊) ၎င်း၌ ဝိရိယသည် ဥဿာဟဌာယီ ဘာဝ+ဝီရရသ မည်၏။ ဆင်မင်းရာတို့သည် အာရမ္မဏဝိဘာဝ မည်၏။ အဓာတသတ်မင်းက စေခိုင်းခြင်း, မင်းအား အန္တရာယ်မဖြစ်စေခြင်း စသည်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ချမ်းသာစွာ အမျိုးသမီး ပရိသတ် ခြံရံလျက် ဘုရားထံမှောက်ရောက်ခြင်း ဘုရားဖူး တရားနာခြင်း စသည်သည် အနုဘာဝမည်၏။

သိက္ခာ (၂၆) [ဌ၊၁၃၅။] (ဘာဋီ၊၃၊၂၆၄)

(က) ဇီဝကောဝိ ရဇ္ဇော ပဋိဝေဒေသိ ""ကဿဘာနိ ဓဓါ ဓဓာ ဓဓေ ဟဒ္ဒါယာနာနိ၊ ယဿ ဓါနိ ကာလံ မညသိ""တိ။ (ခ) တတ္ထ ယဿ ဓါနိ ကာလံ မညသိတိ ဥပစာရဝစနမေတံ။

http://www.dhammadownload.com

(၇) ကုဒဲဝုတ္တံ့ဟောတိ ""ယံတယာ အာဏတ္တံ့၊ တံ မယာ ကတံ၊ ကုဒါနိ တွံ ယဿ ဂမနဿ ဝါ အဂမနဿ ဝါ ကာလံ မညသိ၊ တဒေဝ အတ္တနော ရုစိယာ ကရောဟိ"" တိ။

(၈) မစ္ဆကာ ဣဒ္ဓိမယောတိ ပါဠိယေဣဒ္ဓာ ကုတ္ထိယော၊

(၉) ဧကေကိဿာ ဟတ္ထိနိယာ ဧကေကံ ကုတ္ထိဿိံ ဝုတ္တံ ဟောတိ။

(၁၀) ဥဏ္ဏာသု ဓာရိယမာနာသုတိ ဒဏ္ဍာဒီပိကာသု ဓာရိယမာနာသု။

➤ ၁ ။ (က) ဖီဝကောပိဖီဝကသည်လည်း။ရညော၊အဇာတသတ်မင်းအား။ "ကပ္ပိတာနိ ခေါ တေ ဒေဝ ဟတ္ထိယာနာနိ၊ ယဿ ဒါနိ ကာလံ မညသိ"တိ၊မညသိ–ဟူ၍။ပဋိဝေဒေသိ၊သံတော်ဦးတင်ပြီ။

(က) **အာဏာရဲ့ စကားရပ်မျှားကိုသော ဥစ္စာကဏ္ဍကျစေအောင် အနက်ဖေးမုံ့**

ဒေဝ၊အရှင်မင်းမြတ်။တေ၊အရှင်မင်းမြတ်အဖို့။ဟတ္ထိယာနာနိ၊ဆင်ယဉ်တို့ကို။ကပ္ပိတာနိ၊ပြင်ဆင်အပ်ပါကုန်ပြီ။(ဝါ)ကကြိုးတန်ဆာ တင်အပ်ပါကုန်ပြီ။ဒါနိ၊ယခုအခါ၌။(တို့၊အရှင်မင်းမြတ်သည်။)ယဿ၊အကြင် ထွက်တော်မူခြင်း, ထွက်တော်မမူခြင်း၏။ကာလံ၊အချိန်ကို။မညသိ၊သိတော်မူ၏။(တဒေဝ၊ထို ထွက်တော်မူခြင်း, ထွက်တော်မမူခြင်းကိုသာ။အတ္တနော၊ကိုယ်တော်၏။ရုစိယာ၊အလိုအားဖြင့်။ကရောတိ၊ပြုတော်မူပါ။)

(ခ) တတ္ထ၊ထို ကပ္ပိတာနိ အစရှိသော ပါဠိရပ်၌။ယဿ ဒါနိ ကာလံ မညသီတိ စတံ၊ ယဿ ဒါနိ ကာလံ မညသိဟူသော စကားကို။ဥပစာရဝစနံ၊ပြောဆိုရိုးစကားမျှသာတည်း။

(ဂ) ဂ္ဂဒံ၊ဤအနက်သည်။(ဝါ) ကို။ဝုတ္တံ့၊ဆိုအပ်သည်။(ဝါ) ဆိုလိုသည်။ဟောတိ၊၏။ (ကိ၊အဘယ်ကို။ ဝုတ္တံ့၊သည်။ဟောတိ၊ဖြစ်သနည်း။ယံ၊အကြင်ပြင်ဆင်မှုကို။တယာ၊အရှင် မင်းမြတ်သည်။အာဏတ္တံ့၊စေခိုင်းအပ်ပြီ။တံ၊ထိုပြင်ဆင်မှုကို။မယာ၊အကျွန်ုပ်သည်။ကတံ၊ပြုအပ်ပါပြီ။ဂ္ဂဒါနိ၊ယခုအခါ၌။တွံ၊အရှင်မင်းမြတ်သည်။ ယဿ ဂမနဿ ဝါ၊အကြင် သွား ခြင်း၏၊ငင်း။ယဿ အဂမနဿဝါ၊အကြင် မသွားခြင်း၏၊ငင်း။ကာလံ၊အချိန်ကို။မညသိ၊သိတော်မူ၏။တဒေဝ၊ထိုသွားခြင်း မသွားခြင်းကိုသာ။အတ္တနော၊မိမိ၏။ရုစိယာ၊အလိုအားဖြင့်။ ကရောဟိ၊ပြုတော်မူပါ။ဣတိ၊ဤသို့။ဝုတ္တံ့၊ဆိုအပ်သည်။ဟောတိ၊၏။

(ဃ) ပစ္စေကာ ဣတ္ထိယောတိ၊ဟူသည်ကား။ပါဠိယေဣဿီးသီး တစ်ယောက်စီကုန်သော။ ဣတ္ထိယော၊မိန်းမတို့ကို။(အရောပေတွာ၊တင်၍)

(ဇ) ဧကေကိဿာ၊တစ်စီး တစ်စီးသော။ဟတ္ထိနိယာ၊ဆင်မ၌။ဧကေကံ၊တစ်ယောက် တစ်ယောက်သော။ ဣတ္ထိ၊မိန်းမကို။(အရောပေတွာ၊တင်၍) ဣတိ၊သို့။ဝုတ္တံ့၊သည်။ဟောတိ၊ဖြစ်၏။

(စ) ဥဏ္ဏာသု ဓာရိယမာနာသုတိ၊ဟူသည်ကား။ဒဏ္ဍာဒီပိကာသု၊အရိုးရှိသော ဆီမီးတို့ကို။ (ဝါ) ဆီမီးတိုင်တို့ကို။ဓာရိယမာနာသု၊ဆောင်အပ်ကုန်လတ်သော်။(နိယျာသိ၊ထွက်ပြီ။)

➤ ၂ ။ (ဂ) **သဒ္ဒိ/ အနုသဓန္တ** ။ ။ ဤသို့ (ခ) ဖြင့် ယဿ ဒါနိ–စသော စကား၏ ဥပစာရ စကား၏ အဖြစ်ကို (ဝါ) မပြည့်မစုံ ပြောဆိုအပ်သော စကား၏ အဖြစ်ကို ပြပြီး၍ ယခုအခါ၌ ငင်းယဿ ဒါနိ–စသော ပါဠို၏ အပြည့်အစုံဖြစ်သော အနက်ကို ပြခြင်းငှာ (ဂ) မိန့်။

(ဂ) **သဒ္ဒိ/ သာဓဓာဂ** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ယဿ ဒါနိ ကာလံ မညသိသည် ဥပစာစကားမျှသာတည်း (ပြောရိုးဆိုစဉ် စကားမျှသာတည်း) ဟု ဆို၏။ ဥပစာ စကားဖြစ်သောကြောင့်

http://www.dhammadownload.com

ဝက်ဝုတ္တိဖြစ်၏၊ ထိုဝက်ဝုတ္တိဖြစ်သောပါဠိ၏ ဥဒုကဖြစ်သော အနက်ကို ဆရာ အသို့ ဆိုအပ်သနည်း၊ ဥဒုကဖြစ်သော အနက်ကို ဆရာ မပြဆိုပြီလော။ စုဒ်ကြောင့် (ဂ) မိန့်။

(ခ) သို့/ ဧဟာဘောလက််ာရာနုသဒ္ဒန္တ ။ ။ ဤသို့ (ဃ) ဖြင့် ပဓွေကာ ဣတ္ထိယော-ကို ပါဠိယေဣတ္ထာ ဣတ္ထိယော-ဟု **ပွင့်ပြီး**၍ ယခုအခါ၌ ယင်းစကားရပ်သည် ဝက်ဝုတ္တိဖြစ်နေသောကြောင့် (ဟိတ်) ယင်းစကားရပ်၏ ဥဒုကတ္တ (ပိဏ္ဍတ္တ) အဓိပ္ပါယ်ကို ပြလိုသော ဆရာသည် (ခ) မိန့်။

(ခ) သို့/ ဆရာ၊ ဆရာသည် (ဃ) ဖြင့်-- ဖွင့်ဆို၏။ အသီးသီးဖြစ်သော မိန်းမတို့ ဟူသည် ဆင်မ တစ်ကောင် တစ်ကောင်ပေါ်၌ နှစ်ယောက်စီ နှစ်ယောက်စီဖြစ်သော မိန်းမများတက်စီးနေခြင်းကို အသီးသီးဖြစ်နေသည်ဟု ဆိုလိုပါသလော၊ အဘယ်သို့ မှတ်သားရပါမည်နည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

(ဂ) သို့/ အနုသဒ္ဒန္တ ။ ။ ဤသို့ (ဃ-ဂ) တို့ဖြင့် စ-အက္ခရာတို့၏ တိ-အက္ခရာ၏ ကာရိယအဖြစ်နှင့် ကောသဒ္ဒါ ကွောသဒ္ဒါတို့၏ အနက်အားဖြင့် တူသည်၏အဖြစ်ကိုငင်း ယင်းပဓွေကာ ဣတ္ထိယော-ဟူသော ပါဠိ၏ ဥဒုကတ္တကိုငင်း **မြဖြီး**၍ ယခုအခါ၌ ဥဏ္ဍာ သဒ္ဒါ၏ "ကမ္မာရုဒ္ဒန အင်္ဂါရ-ကပလ္လဒီပိကာသုစ။ သုဝဏ္ဏကာရမူသာယံ၊ ဥဏ္ဍာ ဝေဂေစ ဝါယုနော-ဟူသော အဘိဓာန်၌လာသော ငါးပါးသော အနက်တို့တွင် ဆီမီးတိုင်ဟူသော အနက်၌ ဖြစ်ခြင်းကို ပြခြင်းငှာ (စ) မိန့်။

(စ) သို့/ ဧစာဒနာ ။ ။ ဆရာ၊ ဆရာသည် (ဃ-ဂ) တို့ဖြင့်-- ပြဆို၏။ ဥဏ္ဍာသဒ္ဒါသည် "ကမ္မာရုဒ္ဒန အင်္ဂါရ-ကပလ္လဒီပိကာသုစ။ သုဝဏ္ဏကာရမူသာယံ၊ ဥဏ္ဍာ ဝေဂေစ ဝါယုနော-ဟူသော အဘိဓာန်၌လာသော ငါးပါးသော အနက်တို့တွင် အဘယ်အနက်၌ ဖြစ်ပါသနည်း၊ ဆီမီးတိုင်ဟူသော အနက်မှတစ်ပါးသော အနက်တို့၌ ဖြစ်လေသလော၊ (အညဓောဒနာ)/ဆီမီးတိုင်ဟူသော အနက်နှင့်တကွ ပန်းပဲဖို-စသော အနက်တို့၌ ဖြစ် လေသလော။ (အဓိကဓောဒနာ) စုဒ်ကြောင့် (စ) မိန့်။

(စ) သို့/ သံဝဏ္ဏနာနုဏ္ဏဓဧစာဒနာ ။ ။ ဆရာ၊ ဘုရားရှင်သည် ဥဏ္ဍာသု ဓာရိယမာနာသု ဟုဟောကြားတော်မူ၏။ ယင်းပါဠို၌ ဥဏ္ဍာသဒ္ဒါသည် ပန်းပဲဖို, မီးအိုးကင်း, ရွှေပန်းတိမ်သည်တို့၏ မိုက်ခွက်, လေ၏ အဟုန် အနက်တို့ကို ဟောကြားပါသလော၊ ဥဏ္ဍာ သဒ္ဒါသည် ဤနေရာ၌ အဘယ်အနက်ကို ဟောကြားပါသနည်း၊ မပြဆိုချေသော် ဘုရားရှင်အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏၊ (စ) မိန့်။

ကား- ဆီမီးတိုင်အနက်ကို ဟော၏ဟု ငါပြဆိုရကား--ဟူလို။

➤ ❷ ။ [**စ-ဝါက္ယကို်ရှ**] (၁) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ "ယဿ ဒါနိ ကာလံ မညသိ"တိ အတ္ထိ။ (၂) အထ ကသ္မာ "ဥပစာရဝစနမေတ"န္တိ တယာ ဝုတ္တံ။ (၃) တေနေဝ (ယဿ ဒါနိ ကာလံ မညသိ"တိ ဝါကျေန) အဓိပ္ပေတတ္ထဿ အပရိ ယောသာနတော။ (၄) "ဥပစာရဝစနမေတ"န္တိ မယာ ဝုတ္တံ။

(တနုညး) (၁) နနု "ယဿ ဒါနိ ကာလံ မညသိ၊ တဒေဝ အတ္ထနော ရူစိယာ ကရောဟိ"တိ ပရိပုဏ္ဏံ ကတွာ ဝုတ္တံ။ (၂) အထ ကသ္မာ ယဿ ဒါနိ ကာလံ မညသိတိ (ဇွတ္တကမေဝ) ပါဠိယံ ဝုတ္တံ။ (၃) နနု ဥပစာရဝစနမေတံ။ (၄) တသ္မာ ယဿ ဒါနိ ကာလံ မညသိတိ (ဇွတ္တကမေဝ) ပါဠိယံ ဝုတ္တံ။

[**စ-ဝါက္ယကို်ရှ**] (၁) နနု ကမ္မာရုဒ္ဒန အင်္ဂါရ-ကပလ္လဒီပိကာသုစ။ သုဝဏ္ဏကာရ မူသာယံ၊ ဥဏ္ဍာ ဝေဂေစ ဝါယုနောတိ အဘိဓာနပွဒီပိကာယ ဝုတ္တံ။ (၂) အထ ကသ္မာ ဥဏ္ဍာသု ဓာရိယမာနေသူတိ

http://www.dhammadownload.com

ဒဏ္ဍဒီပိကာသု ဓာရိယမာနာသူတိ တဃာ သံဝဏ္ဏိတံ။ (၃) နန္ဒ တဒဉ္ဇတ္ထာနံ အသမ္ဘဓေါ ဟောတိ။

(၄) တသ္မာ ဥက္ကာသု ဓာရိယမာနေသူတိ ဒဏ္ဍဒီပိကာသု ဓာရိယမာနာသူတိ ဓယာ သံဝဏ္ဏိတံ။

➤ ၇ ။ ဟန္ဒိ အနေနာတိ **ဟဏ္ဍာ**။ (အဓိတ်) ဟဏ္ဍာ (သောဏ္ဍာ) ဧတိဿာ အတ္ထီတိ **ဟဏ္ဍီနီ**။ (တာယ ဟဏ္ဍိနိယာ) (၃) နာမောင်း၏ ဆင်မဒြဗ်နှင့်· အဝယဝ+အဝယဝီ/ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဆင်မ ဒြဗ်သည် ဝစနီယ။ (၆) ကရေဏ္ဍကာ–စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ဥသတိ ဒဟတီတိ **ဥက္ကာ**။ (၃) ပူလောင်ခြင်း ကြိယာသကတ်သည် ဝစနဟေတု။ (၅) မီးရူး မီးတိုင်ဒြဗ်သည် ဝစနီယ။ (၆) ဒဏ္ဍဒီပိကာ, ဒီပိကာ–စသော–-။

ပုရိသံ ဂ္ဂဏ္ဆန္တိတိ **ဂ္ဂဏ္ဍိစယာ**။ (၃) အလိုရှိခြင်း ကြိယာသကတ်သည် ဝစနဟေတု။ (၅) မိန်းမဒြဗ်သည် ဝစနီယ။ (၆) နာရီယော–စသော–-။

ဒဠတိ အာဏံ ကရောတီတိ **ဒဏ္ဍော**။ (၃) အာဏာကို ပြခြင်းကြိယာသကတ်သည် ဝစနဟေတု။ (၅) ဒုတ်ဒြဗ်သည် ဝစနီယ။ (၆) မုဂ္ဂရ, ဒမ–စသော–-။

➤ ၈ ။ **ဓာရိယမာနာသူ**–ကို ဓာရိယမာနတ္တာ–ဟု ဟိတ်ပြင်လျှင်– ဥက္ကာန်/ ဒဏ္ဍဒီပိကာန်–ဟု သမ္ဗန် ခံရပါမည်။ (တို့၏/တို့ကို စပ်)

➤ ၆ ။ **(၁)** ၌ ဥပစာရဝစနမေတ်–ဖြင့် ယဿ ဒါနိ ကာလံ မညသိ–ဟူသော စကားသည် လိုအပ်သောအနက်၏ မပြီးဆုံးသေးသောကြောင့် ဓေါဟာရ စကားမျှသာဆိုသည်းဟု သိစေ။ (ဘာဝတ္ထ)

(၅) ၌ **ဏ္ဍဒါနိ**–ဖြင့် ယဿ ဒါနိ–၌ ဒါနိ–နိပါတ်သည် ဏ္ဍဒါနိ–၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြု အာဘိဓေယျတ္ထ)

တုံ–ဖြင့် မညသိ–ကြိယာ၏ ကတ္တားကား တုံ–ပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ယဿ ဂဓနဿဝါ အဂဓနဿဝါ–ဖြင့် ယဿ၌ ယ–သဗ္ဗနာမ်ပုဒ်ဖြင့် ဂမန, အဂမန နှစ်မျိုးလုံး ကို ခွဲယူရမည်၏အဖြစ်ကို သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

တဒေဝ အတ္တနော ရုစိယာ ကရောဟိ–ဖြင့် ယဿ ဒါနိ ကာလံ မညသိ–ဟူသော ပါဠိတော်၌ တဒေဝ အတ္တနော ရုစိယာ ကရောဟိ–ဟူသော ဝါကျဖြည့်စွက်၍ အပြည့်အစုံ အနက်သမ္ဗန်ရမည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(၁၁) ၌ **ပါဠိဃေတ္ထ**ဖြင့် ပစ္စေကာကို ပတိ+ဧကာ–ဟု ပုဒ်ဖြတ်ရမည်၏အဖြစ်ကို သိစေပါသည်။ (သန္ဓိလိင်္ဂဝဒ)

(၈) ဖြင့် အသီးသီး မိန်းမတို့ကို ဆင်မယာဉ်သာများပေါ် တင်ထား၏ဟူသည်မှာ ဆင်တစ်ကောင် တစ်ကောင်ပေါ်၌ မိန်းမတစ်ယောက် တစ်ယောက်ကို တင်ထားခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(၈) ဖြင့် ဥက္ကာ–သည် ဒဏ္ဍဒီပိကာ၏ ပရိယာယ်၏ အဖြစ်ကို သိစေပါသည်။ (ပရိယာယ်ပြု အာဘိဓေယျတ္ထ)

(တနည်း) ဥက္ကာသဒ္ဒါသည် ဒဏ္ဍဒီပိကအနက်ဟောဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

http://www.dhammadownload.com

➢ ❽ ။ **ဆင်မယာဥ်သာ ငါးရာတို့၌ မိန်းမမျှားကို့သော စီးရန် စီစဉ်ရခြင်း အာစရိယ ဓမ္မပါလတ္ထေရဝါဒ-အလို**-မင်း၏ ယုံမှားသင်္ကာကို နစ်စေခြင်းအကျိုးငှာ ယင်းသို့ စီစဉ်ပါသည်။ **အဋ္ဌကထာဝါဒ-အလို**-မိန်းမတို့ကိုမှီ၍ ယောကျ်ားတို့အား ဘေးရန်မည်သည် မရှိ၊ ချမ်းသာစွာ မိန်းမအပေါင်း ခြံရံလျက် သွားအံ့ဟု နှလုံးသွင်း၍ ယင်းသို့ စီစဉ်ပါသည်။

➢ ❾ ❿ ။ **(၈) ဒုဇ္ဇံ-၌ ဓောဗ်ဓာရ** ။ ။ အဋ္ဌကထာဆရာ၏ သန္ဓာန်၌ ဖွင့်ဆိုသော အခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ် ဝိရိယပြဋ္ဌာန်းသော ကုသိုလ် စိတ္တာဖြာဒ်သည် ဥဿာဟဋ္ဌာယီ ဘာဝ+ဝိရရသ။ ဧကောကိယာ-စသော မနသာဝဝတ္ထာပိတသဒ္ဒရုပ်သည် အာရမ္မဏဝိဘာဝ။ ပစ္စေကာ ဣတ္ထိယောပုဒ်၏ သံဝဏ္ဏနာကို သောတုဇနတို့ သိစေလိုသော ဆန္ဒ, မေတ္တာသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ပစ္စေကာ ဣတ္ထိယောပုဒ်၏ အဖွင့်သံဝဏ္ဏနာ ပိဏ္ဍတ္ထကို စာသင်သားတို့ သိရခြင်းအကျိုးသည် အနုဘာဝ။

ဣတ္ထိဧယာ-၌ ဓောဗ်ဓာရဏ်ကို ကိုယ်ပြု၍ ။ ။ (၁) ဣတ္ထိယော-၌ ဣသုဓာတ်အရ လိုချင်တပ်မက်သော အခြင်းအရာအားဖြင့်ဖြစ်သော မိန်းမသန္ဓာန်၌ဖြစ်သော ရာဂ-ပြဋ္ဌာန်းသော လောဘမူ စိတ္တာဖြာဒ်သည် ရတိဋ္ဌာယီဘာဝ+သိဂ်ါရရသ မည်၏။ (၂) ယောကျ်ားဒြဗ်သည် အာရမ္မဏဝိဘာဝ မည်၏။ **[ဝုရိသံ ဣန္ဒ္ဓိံတိ ဣတ္ထိယော ကို ရည်ရွယ်သည်။]** (တနည်း) (၁) ဣတ္ထိယော-၌ ဣသုဓာတ်အရ မိန်းမကို လိုချင် တပ်မက်သော ယောကျ်ားသန္ဓာန်၌ဖြစ်သော ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တာဖြာဒ်သည် ရတိဋ္ဌာယီဘာဝ+သိဂ်ါရရသ မည်၏။ (၂) မိန်းမသည် အာရမ္မဏဝိဘာဝ။ **[ဝုရိသေဟိ ဣန္ဒ္ဓိတ္ထီတိ ဣတ္ထိယော-ကို ရည်သည်။]** (၃) မွေ့လျော်ဘွယ်ကောင်းသော အရပ်, မွေ့လျော်ဘွယ်ကောင်းသော ကာလ, မွေ့လျော်ဘွယ်ကောင်းသော အသွင် အပြင် စသည်သည် ဥဒ္ဒီပနဝိဘာဝ။ (၄) ယောကျ်ား မိန်းမ တို့၏ ကိုယ်အမူအရာ နှုတ်အမူအရာ တစ်မှီစိမ့်ကြည့်ရှုခြင်း ပွေ့ဖက်နမ်းရှုတ်ခြင်း စသည်တို့သည် အနုဘာဝ

ဂါထာ ၂ပုဒ် [၄၊၁၃၅]

(က) မဟဋ္ဌ/မဟန္တံ့ ရာဇာနဉ္စဘာဇဝနမဟတိ မဟတာစ ရာဇာနဘာဝေန။

(ခ-၁) မဟစ္စာတိပိ ပါဠိ၊ (ခ-၂) မဟတိယာတိ အတ္ထော။

(ဂ) လိင်္ဂဝိပရိယာယော ဝေသ။ (ဃ) ရာဇာနဘာဝေါဝုစ္စတိ ရာဇိဒ္ဓိ။

(င) ကာ ပနဿ ရာဇိဒ္ဓိ ? တိယောဇနသတာနံ ဒ္ဝိန္နံ မဟာရဋ္ဌာနံ ဣဿရိယသိဒ္ဓိ။

(စ) တဿ ဟိ ""အသုကဒိဝသံ ရာဇာ တာဒါဂတံ ဥပသင်္ကမိဿတီ"" တိ ပဋ္ဌမတရံ သံဝိဒဟနေ အသတိဝိ တဒ်ဂ္ဂဟဏေဥ ပဋ္ဌဣတ္ထိသတာနိ ပုရိသဝေသံဂဟေတွာ ပဋိမုဋ္ဌဝေဋ္ဌနာနိ အံသေ အာသဇ္ဇာဝဂ္ဂါနိ မဂ်ိဒဏ္ဍာတောမဇ္ဈဂဟေတွာ နိက္ခမိသု။

(ဆ) ယံ သန္ဓာယ ဝုတ္တံ ""ပစ္စေကာ ဣတ္ထိယော အာရောပေတွာ"" တိ။

➢ ❶ ။ **(က)** မဟန္တံ ရာဇာနဘာဝေနာတိ ဟုသည်ကား။ မဟတာ၊ ကြီးကျယ်သော။ ရာဇာန ဘာဝေန၊ မင်း၏ အာနုဘော်ဖြင့်။ (နိယျာသိ၊ ထွက်ပြီ။)

(ခ) မဟစ္စာတိပိ၊ မဟစ္စာဟူ၍လည်း။ ပါဠိ၊ ပါဠိတော်ပါ၌သည်။ အတ္ထိ၊ ရှိ၏ ။ မဟတိယာ၊ ကြီးကျယ်သော။ (ရာဇာနဘာဝေန၊ မင်း၏ အာနုဘော်ဖြင့်။ နိယျာသိ၊ ထွက်ပြီ။) ဣတိ အတ္ထော၊ ဤကား အနက်။

http://www.dhammadownload.com

(၇) သေ-သော၊ဤ မဟာစွာဟူသော သဒ္ဒါသည်။လိင်္ဂဝိပရိယာယော၊ပုလ္လိန်မှ ဣတ္ထိလိင်ဖောက်ပြန်သော သဒ္ဒါတည်း။

(၈) ရာဇဓိဒ္ဓိ၊မင်း၏တန်ခိုးကို။ရာဇာနုဘာဝေါ၊ရာဇာနုဘာဝဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(၉) ပန၊ဆက်ဦးအံ့။အဿ၊ထိုအဇာတသတ်မင်း၏။ရာဇိဒ္ဓိ၊မင်းတန်ခိုးဟူသည်။ကာ၊အဘယ်နည်း။ တိယောဇနသတာနံ၊ယူဇနာသုံးရာ အတိုင်းအရှည်ရှိကုန်သော။ဒွိန္နံ၊နှစ်တိုင်းကုန်သော။မဟာရဏ္ဍာနံ၊အင်္ဂတိုင်း မဂဓတိုင်းကြီးတို့၏။ဣဿရိယသိရီ၊အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ အသရေတည်း။

(၁၀) ဟိ၊ချဲ့ဦးအံ့။တဿ၊ထိုအဇာတသတ်မင်း၏။အသုကဒိဝသံ၊ထိုမည်သော နေ့၌။ရာဇာ၊အဇာတသတ်မင်းသည်။တထာဂတံ၊မြတ်စွာဘုရားသို့။ဥပသင်္ကမိသဒိ၊ချဉ်းကပ်လတံ့။ဣတိ၊ဤသို့။ပဋမတရံ၊ရှေးဦးစွာ။သံဝိဒဟနေ၊စီစဉ်ခြင်းသည်။အသဝိဝိ၊မရှိပါသော်လည်း။တန်ဏာညေဝ၊ထိုဇဏ္ဍိပင်။ပဋ္ဌဏ္ဍထ္ထိသတာနိ၊ငါးရာသော မိန်းမတို့သည်။ပုရိသဓေသံ၊ယောကျ်ား၏အသွင်ကို။ဂဟေတွာ၊ယူ၍။ပဋိမုက္က ဓေဋ္ဌနာနိ၊ဖွပ်အပ်သော ဦးရစ်ခေါင်းပေါင်းရှိကုန်သည်။အံသေ၊ပခုံး၌။အာသတ္တာဧဂ္ဂါနိ၊လွယ်အပ်သော သန်လျက် ရှိကုန်သည်။ (ဟုတွာ၊ဖြစ်ကုန်၍) မဏိဒဏ္ဍတောမရေ၊ပတ္တမြားအရိုးရှိသော လုံတို့ကို။ဂဟေတွာ၊ကိုင်၍။နိက္ခမိ သု၊ထွက်ကြကုန်ပြီ။ (ဘာသာဋီကာ၊ဒု၊၂၆၅)။

➤ ❶ ။ **(၁) ဣတိ/ အာနုသဒ္ဒန္တ** ။ ။ ဤသို့ (က) ဖြင့် မဟာ (သို့မဟုတ်) မဟာစွဲ ရာဇာနုဘာဝေန-ဟု နိဂ္ဂဟီတန္တ၏ အစွမ်းဖြင့် ပါဠိရှိသည်၏အဖြစ်ကို ပြပြီး၍ ယခုအခါ၌ မဟာစွာဟု အာကာရန္တ၏ အစွမ်းအားဖြင့်လည်း ပါဠိတစ်မျိုးရှိသေး၏ဟု ပြလိုသော ဆရာသည် (ခ) မိန့်။

(၁-၁) ဣတိ/ ဧဝာဒနာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ပဌမာဝိဘတ်သည် ကရိဏ်း အနက်၌ ဖြစ်၏ဟု ပြဆို၏။ ပါဌန္တရကား အဘယ်ပါနည်း၊ မဟာစွဲ-ဟူ၍ နိဂ္ဂဟီတန္တပါဌ်သာ ရှိပါသလော၊ စုဒ်ကြောင့် (ခ-၁) မိန့်။

(၁-၂) ဣတိ/ ဧဝာဒနာ ။ ။ ဆရာ၊ ဆရာသည် (ခ-၁) ဖြင့် မဟာစွာဟူ၍လည်း အချို့သော ပေ၌ အာကာရန္တပါဌ်ရှိ၏ဟု ပြဆိုတော်မူ၏။ ၎င်းမဟာစွာဟူသော ပါဌ်အနက်ကို အဘယ်သို့ သိအပ်ပါသနည်း၊ ထိုအပ်ပြီးသောနည်းဖြင့် မဟာတာဟူ၍ သိအပ်ပါသလော။ စုဒ်ကြောင့် (ခ-၂) ကိုမိန့်။

(၁) ဣတိ/ အာနုသဒ္ဒန္တ ။ ။ ဤသို့ (ခ-၂) ဖြင့် မဟာစွဟူသော ပါဌ်၏အနက်ကို ပြပြီး၍ ယခုအခါ၌ ဆိုအပ်ပြီးသော အနက်ကိုပင်လျှင် ယုတ္တိအားဖြင့် မြဲမြံစွာပြခြင်းငှာ (၀၊) ပြီးစေခြင်းငှာ (၇)မိန့်။

(၇) ဣတိ/ သာဓေဘာဝမတ္ထဉ္စာ ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် မဟာစွာ-ဟု ပါဌ်တစ်မျိုးရှိသေး၏၊ ယင်းပါဌ်၏ အနက်ကို မဟတိယာ-ဟု မှတ်ရမည်ဟု ဆိုတော်မူ၏။ မဟာစွာ ဟု ပါဌ်ရှိခဲ့သော် ရာဇာနုဘာဝေနနှင့် ဝိသေသန ဝိသေသျဖြစ်၍ လိင်တူကောင်းသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် လိင်မတူပါသနည်း၊ စုဒ်ကြောင့် (၇) မိန့်။ **အဓိပ္ပါယ်ကား-** မဟာစွာသည် ပုလ္လိင်ကို ဣတ္ထိလိင်ပြန်ထားသော သဒ္ဒါ (လိင်္ဂဝိပလ္လာသ) ဖြစ်သောကြောင့် ရာဇာနုဘာဝေနနှင့် လိင်မတူပါဟူလို။

(၇) ဣတိ/ ဧဝာဒေဘာဝါယတ္ထဉ္စာဧဝာဒနာ ။ ။ (၌ပနာတူ) ၎င်းမဟာစွာဟူသော ပုဒ်သည် ရာဇာနုဘာဝေနနှင့် ဝိသေသန ဝိသေသျဖြစ်၍ လိင်တူကောင်းသည် မဟုတ်ပါလော၊ ယင်းသို့ဖြစ်လျက်

http://www.dhammadownload.com

လိင်ကွဲပြားသည်၏အဖြစ်ဖြင့် ပြဆိုအပ်သော မဟာတိယာ-ဟူသော ထိုစကားသည် အဘယ်သို့ သင့်ပါအံ့နည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

(စ) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ယူဧနာသုံးရာ အတိုင်းအရှည်ရှိသော အင်္ဂတိုင်း မဂဓတိုင်းကြီးတို့ကို အစိုးရသည်၏ ဖြစ်ကြောင်းဖြစ်ရာ အသရေသည် ရာဇဒ္ဓိမည်၏ဟု ဖွင့်ဆို၏။ ထိုအင်္ဂတိုင်း မဂဓတိုင်းတို့ကို အစိုးရသော အသရေဟူသည် အဘယ်ပါနည်း၊ ထိုတိုင်းတို့ကို အစိုးရသော အသရေရှိပုံကို အကျယ်အားဖြင့် မပြဆိုပြီလော။ စုဒ်ကြောင့် (စ) မိန့်။

(ဆ) သို့/ ဆရာ၊ ဆရာသည် (စ) ဖြင့် ငါးရာသော မိန်းမတို့ကို ယောကျ်ားအသွင်ယူ၍ ထွက်ပြီဟု ဖွင့်ဆို၏။ ပါဠိတော်၌ ဣတ္ထိယော အာရောပေတွာ-ဟူ၍ သာမန်အားဖြင့် ဆိုအပ်သည် မဟုတ်ပါလော၊ အဘယ်သို့ မှတ်သားအပ်ပါသနည်း၊ စုဒ်ကြောင့် (ဆ)မိန့်

➢ ❷ ။ [၈+ဂ ဓါကျာဒ်ဒို့ကို်ရှု] (၁) နနု ဧသော မဟာဘာသန္ဒေါ် ရာဇာနုဘာဝေနာတိ ပဒဿ ဝိသေသနံ ဟောတိ။ (၂) အထ ကသ္မာ မဟာတိယာတိ အတ္ထော ဒဋ္ဌဗ္ဗော။

(၃) လိင်္ဂဝိပရိယာယော ဧသ။ (၄) တသ္မာ မဟာတိယာတိ အတ္ထော ဒဋ္ဌဗ္ဗော။

[၈+၈ ဓါကျာဒ်ဒို့ကို်ရှု] (၁) နနု တဿ "အသုကဒိဝသံ ရာဇာ တထာဂတံ ဥပသင်္ကမိဿတီ"တိ ပဌမတရံ သံဝိဒဟနံ နတ္ထိ။ (၂) အထ ကသ္မာ တန်ဏည္ဆေဝ ပဌ ဣတ္ထိသတာနိ ပုရိသဝေသံ ဂဟေတ္ဝာ ပဋိမုက္ကဝေဌနာနိ အံသေ အာသတ္တာဒဂ္ဂါနိ မဏိ ဒဏ္ဍတောမရေ ဂဟေတ္ဝာ နိက္ခမိ"သု။

(၃) နနု တိယောဧနေသတာနံ ဒွိန္နံ မဟာရဏ္ဍာနံ ဣဿရိယသိရိတိ ရာဇိဒ္ဓိ အဿ (ရညော) အတ္ထိ။

(၄) တသ္မာ တန်ဏည္ဆေဝ ပဌ ဣတ္ထိသတာနိ ပုရိသဝေသံ ဂဟေတ္ဝာ ပဋိမုက္ကဝေဌနာနိ အံသေ အာသတ္တာဒဂ္ဂါနိ မဏိ ဒဏ္ဍတောမရေ ဂဟေတ္ဝာ နိက္ခမိ"သု။

[၈-ဂါကျာဒ်ဒို့ကို်ရှု] (၁) နနု တဿ "အသုကဒိဝသံ ရာဇာ တထာဂတံ ဥပသင်္ကမိဿတီ"တိ ပဌမတရံ သံဝိဒဟနံ နတ္ထိ။ (၂) အထ ကသ္မာ တန်ဏည္ဆေဝ ပဌ ဣတ္ထိသတာနိ ပုရိသဝေသံ ဂဟေတ္ဝာ ပဋိမုက္ကဝေဌနာနိ အံသေ အာသတ္တာဒဂ္ဂါနိ မဏိ ဒဏ္ဍတောမရေ ဂဟေတ္ဝာ နိက္ခမိ"သု။ (၃) နနု ရညော မဟာဒ္ဓ ရာဇာနုဘာဝေါ အတ္ထိ။ (၄) တသ္မာ တန်ဏည္ဆေဝ ပဌ ဣတ္ထိသတာနိ ပုရိသဝေသံ ဂဟေတ္ဝာ ပဋိမုက္ကဝေဌနာနိ အံသေ အာသတ္တာဒဂ္ဂါနိ မဏိ ဒဏ္ဍတောမရေ ဂဟေတ္ဝာ နိက္ခမိ"သု။

➢ ❸ ။ ရန္ဒတိ ဇတ္ထာတိ ရန္ဒံ။ (၃) တပ်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) တိုင်းနိုင်ငံခြဲဗိသည် ဝစနီယ မည်၏။ (၆) ဝိဓိတ-ဧသော ပရိယာယ်သဒ္ဒါ များသည် ဝစနီယတ္ထ မည်၏။ * ရဉ္ဇန်္တိ အဋ္ဌ ဘဒ္ဓိ ရာဇာနော ဧတေနာတိ **ရဋ္ဌံ**။

မဟန္တသ္မာ ဘာဝေါ **မဟာန္ဒံ**။ (၃) မြတ်သော အဇာတသတ်မင်း၏ ရာဇာနုဘာဝနှင့် ဝုဏ္ဏေး ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု။ (၅) ရာဇာနုဘာဝခြဲဗိသည် ဝစနီယ။ (၆) ဥတ္တမတာ။

ဣဇ္ဈတိ ဇောာယာတိ **ဣဒ္ဓိ**။ (၃) ပြည့်စုံခြင်း ကြိယာသကတ်သည် ဝစနဟေတု။ (၅) မင်း၏ အာနုဘော်သည် ဝစနီယ။ (၆) အာနုဘာဝ, အာဏာ-ဧသော--။

အနတိ ဇီဝတိ ဧတေနာတိ **အံဧသာ**။ (၃) အသက်ရှင်ခြင်း ကြိယာသကတ်သည် ဝစန

http://www.dhammadownload.com

ဟေတု။ (၅) ပခုံးဖြစ်သည် ဝစနီယ။ (၆) ဘုဇ, သိရ, ခန္ဓ-စသော--။

ခဂ္ဂတိတိ **ဧစဂ္ဂါ**။ (၃) ပြတ်ခြင်းကြီးယာသကတ်သည် ဝစနဟေတု။ (၅) သံလျက် ဖြစ်သည် ဝစနီယ။ (၆) အသိ, ကောသိ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထာ။

တုဇ္ဇတော အနေနာတိ **ဧတောမဇရော**။ (၃) ထိုးဆွခြင်းကြီးယာသကတ်သည် ဝစနဟေတု (၅) လုံခြဖ်သည် ဝစနီယ။ (၆) ဝိဈနကဏ္ဏက-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထာ။

မဟန္တာဘဝံ မနတီတိ **မဏီ**။ (၃) သိခြင်း ကြီးယာသကတ်သည် ဝစနဟေတု။ (၅) ပတ္တမြား ဖြစ်သည် ဝစနီယ။ (၆) ရတန, ဝသု-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထာ။

ဝေဍေန္တိ **ဧ**တေနာတိ **ဧဝဠ္ဘနံ**။ (၃) ရစ်ပတ်ခြင်း ကြီးယာသကတ်သည် ဝစနဟေတု။ (၅) ဦးရစ်ခေါင်းဆေါင်းသည် ဝစနီယ။ (၆) ဥဏှိသ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထာ။

➢ ❾ ။ (စ) ၌ **အသတိ**-ကို အသန္တတ္တာ-ဟု ဟိတ်ပြင်လျှင်- သံဝိဒဟနသာ-ဟု သမ္မန် ခံရုပါမည်။ (၏/သည် စပ်) * **မဋ္ဌိမုဏ္ဏဧဝဠ္ဘနာနိ**-ကို ပဋိမုဏ္ဏဆေဠနတ္တာ/ **အာသဏ္ဍဧဂ္ဂါနိ**-ကို အာသတ္တာဝဂ္ဂတ္တာ-ဟု ဟိတ်ပြင်လျှင် ပဌန်း ဣတ္ထိသတာနံ။ (တို့၏/တို့သည်)

ရာဇာနဘာဧဝါ-ကို ရာဇာနုဘာဝတ္တာ-ဟု ဟိတ်ပြင်-ဧတသာ ရညော။(၏/သည် စပ်)

➢ ❻ ။ **(ဏ)** ၌ မဟတာဖြင့် မဟန်ဖွဲ့ ပထမာဝိဘတ်သည် ကရဏတ္ထ၌ သက်၏ဟု သိစေ ပါသည်။ (ဝိဘတျတ္ထ)

(စ) ၌ မဟန္တာတိပိ ပါဠိဖြင့် ပါဠိတော်၌ မဟန်ဟူ၍သာ (ဝါ) မဟဋ္ဌဟူ၍သာ နိဂ္ဂဟီတန္တဖြင့် ပါဠိရှိသည်မဟုတ်သေး၊ မဟန္တာ-ဟု အာကာရန္တဖြင့်လည်း ပါဠိရှိသေး၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

မဟတီယာ-ဖြင့် မဟန္တာ၌ တတိယာနာဝိဘတ်၏ အဖြစ်ကိုငင်း (ဝိဘတ္တိပဒ) မဟတိယာ ဟူလိုလျက် ဝဏ္ဏလောပဖြင့် ဏ္ဍ-ကိုချေ၊ မဟတျာဖြစ်၏၊ ဝဏ္ဏဝိကာရဖြင့် တျကို စ-ပြု၊ ဝဏ္ဏာဂမဖြင့် စ-လာ၍ မဟန္တာဟု ပြီးနေသည်၏အဖြစ်ကိုငင်း (ဘာဝတ္ထ) ယင်းမဟန္တာပါဠိကို "ကြီးစွာသော" (ဝါ) "များစွာသော"ဟု အနက်ပေးရမည်ဟုငင်း (ဘာဝတ္ထ) သိစေပါသည်။

(ဂ) ဖြင့် မဟန္တာပုဒ်သည် ရာဇာနုဘာဝေနဟူသော ဝိသေသျသို့လိုက်၍ ပုံလိင် နေသင့်လျက် ပုလ္လိင်ကို ဏ္ဍတ္ထိလိင်သို့ပြန်သော လိင်ဝိပလ္လာသ၏ အဖြစ်ကို သိစေပပါသည်။(ဘာဝတ္ထ)

(ဃ) ၌ ရာဇိဒ္ဓိ-ဖြင့် ရာဇာနုဘာဝေါ၌ အာနုဘာဝ-သဒ္ဒါသည် ဝိရိယ ဥဿာဟ အနက်ကို မဟော၊ ဏ္ဍဒ္ဓိအနက်ကို ဟော၏ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

➢ ❶ ။ **ဒ္ဓိန်း မဟာဧဇ္ဈာနံ-ဧဇ** = အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့ကို ယူရုပါမည်။

➢ ❶ ❷ ။ **(စ) နိကွမိသ္မ-ဣ ဓာတ်ဧဇ** ။ ။ ရာဇကြိုဟ်မြို့မထွက်ကုန်သော မိန်းမ ငါးရာတို့၏ သန္တာန်၌ ဝိရိယပြဋ္ဌာန်းသော စိတ္တဗျါဒ်သည် ဥဿာဟဋ္ဌဃီဘာဝ+ဝိရရသ။ အဇာတသတ် မင်း, ဇီဝကနှင့် မိန်းမငါးရာတို့သည် အာရမ္မဏာဝိဘာဝ မည်၏။ ယောကျ်ားအသွင်ယူ၍ ဦးရစ်ခေါင်း ပေါင်း ပေါင်းခြင်း, ပခုံး၌ သန်လျက်လွယ်ခြင်း, ပတ္တမြားရိုး လုံတို့ကို ကိုင်ခြင်းတို့သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ဘေးကင်း၍ ချမ်းသာစွာ သွားရခြင်း, ကြီးကျယ်ခမ်းနားသောမင်း၏ အာနုဘော်ဖြင့် ထွက်ဆော်မှုခြင်း

http://www.dhammadownload.com

စသည်သည် အနုဘာဝ မည်၏။

(ဆ) ဥဇ္ဇုံ-ဠ် ဧဇတ်အရ။ ။ [အာယသ္မတာ အာနန္ဒတ္ထေရေန-ဟု ထည့်သောကြောင့်] (၁) အရှင်အာနန္ဒာ၏ သန္တာန်၌ ပြောဆိုသော အခြင်းအရာအားဖြင့်ဖြစ်သော ဝစီဝိညတ္တိသမုဋ္ဌာပက စိတ္တဇပ္ပါဒ်သည် ဥဿာဟဋ္ဌာယိဘာဝ+ဝိရရသ။ (၂) မိန်းမအပေါင်းသည်ငင်း, ပစ္ဆေကာ-စသော မနသာဝဝတ္ထာပိတာ သဒ္ဒါသည်ငင်း, အာရမ္မဏဝိဘာဝ။ (၃) သန္ဓာယဘာသိတကို သိစေလိုသော ဆန္ဒသည် ဥဒ္ဒီပနဝိဘာဝ။

(၄) သန္ဓာယဘာသိတကို နာယူအပ်သော သောတုဇနတို့၏ ဟိတသုခသည် အနုဘာဝ။

ထိရကျ (၂ဆ) [ဌ၊၁၃၆။]

(က) အဟူဇေဝ ဘယန္တိ စတ္ထ စိတ္တုတြာသဘယံ, ဉာဏဘယံ. အာရမ္မဏဘယံ, ဩတ္တပ္ပ ဘယန္တိ စတုဗ္ဗိဓံ ဘယံ။

(စ-ဒ) တတ္ထ ""ဇာတိ ပဋိစ္စ ဘယံ ဘယာနကာ""န္တိ အာဒိနာ နယေန ဝုတ္ထံ စိတ္တုတြာသဘယံ နာမ။ **(စ-၂)** ""တေဝိ တထာဂတဿ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ"" တိ ဇဝမာဂတံ ဉာဏဘယံ နာမ။ **(စ-၃)** ""ဇတံ နူန တံ ဘယဘေရဝံ အာဂစ္ဆတီ"" တိ စတ္ထ ဝုတ္ထံ အာရမ္မဏဘယံ နာမ။ **(စ-၄)** ""ဘီရုံ ပသံသန္တိ နဟိ တတ္ထ သူရံ၊ ဘယာ ဟိ သဓ္မာ နကရောန္တိ ပါဝ""န္တိ ကုဒံ သြတ္ထပ္ပဘယံ နာမ။ **(ဂ)** တေသု ကုဇ စိတ္တုတြာသဘယံ။

(ဃ) အဟု အဟောသိတိ အတ္ထော။ (ဘာသာဋီကာ၊ဒု၊၂၇၀။)

➢ ① ။ **(က)** အဟုဒေဝ ဘယန္တိ စတ္ထ အဟုဒေဝ ဘယံ-ဟူသော ဤပါဠိဠ္ဍ်။ (လဗ္ဘမာနံ၊ရအပ်သော) ဘယံ၊ဘယသည်။ စိတ္တုတြာသဘယံ၊ စိတ္တုတြာသဘယငင်း။ ဉာဏဘယံ၊ဉာဏဘယငင်း။ အာရမ္မဏဘယံ၊ အာရမ္မဏဘယငင်း။ ဩတ္တပ္ပဘယံ၊ ဩတ္တပ္ပဘယငင်း။ ကွတိ၊ဤသို့။ စတုဗ္ဗိဓံ၊လေးပါးအပြားရှိ၏။

(စ-ဒ) တတ္ထ၊ထိုလေးပါးသော ဘယတို့တွင်။ "ဇာတိ ပဋိစ္စ ဘယံ ဘယာနက"န္တိ အာဒိနာ၊ကဲ့-အစရှိသော။ နယေန၊နည်းဖြင့်။ ဝုတ္ထံ၊ဟောတော်မူအပ်သော ဘယသည်။ စိတ္တုတြာသဘယံ နာမ၊စိတ္တုတြာသဘယ မည်၏။ (ဝါ) စိတ်၏ ထိတ်လန့်ခြင်းဟူသော ကြောက်ခြင်း မည်၏။ [ဇာတိ၊ပဋိသန္ဓေနေရခြင်းကို။ ပဋိစ္စ၊စွဲ၍။ ဘယံ၊ကြောက်တတ်သော စိတ္တဇပ္ပါဒ်သည်။ ဘယာနကံ၊ကြောက်တတ်သော အခြင်းအရာသည်။ ဟောတိ၊ဖြစ်၏။] **(စ-၂)** "တေဝိ တထာဂတဿ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ"တိ၊အာပဇ္ဇန္တိ ဟူ၍။ ဝေါ၊ဤသို့။ အာဂတံ၊လာသောဘယသည်။ ဉာဏဘယံ နာမ၊ဉာဏဘယ မည်၏။ (ဝါ) ကြောက်ဖွယ်ဟု သိမြင် ဆုံးဖြတ်တတ်သော တရားမည်၏။

[တေဝိ၊ထို နတ်တို့သော်မှလည်း။ တထာဂတဿ၊မြတ်စွာဘုရား၏။ ဓမ္မဒေသနံ၊တရား ဒေသနာတော်ကို။ သုတွာ၊ကြားနာ၍။ ယေဘုယျေန၊များသောအားဖြင့်။ ဘယံ၊ဘယဉာဏ်သို့။ (ဝါ) ကြောက်ဖွယ်ဟု ဆုံးဖြတ်သော ဉာဏ်သို့။ သံဝေဂံ၊ထိတ်လန့်ကြောင်းဖြစ်သော သဟေတုကဉာဏ်သို့။ သန္တာသံ၊ပြင်းစွာ ထိတ်လန့်ကြောင်းဖြစ်သော ဉာဏ်သို့။ အာပဇ္ဇန္တိ၊ရောက်ကြကုန်၏။] **(စ-၃)** "ဇတံ နူန တံ ဘယဘေရဝံ အာဂစ္ဆတီ"တိ ဇတ္ထ၊ဟူသော ဤပါဠိဠ္ဍ်။ ဝုတ္ထံ၊ဟောတော်မူအပ်သော ဘယသည်။ အာရမ္မဏဘယံ နာမ၊အာရမ္မဏဘယ မည်၏။ (ဝါ) ကြောက်စရာ- အာရုံမည်၏။ [ဇတံ၊ဤလူ့အထံသို့။ တံ ဘယဘေရဝံ၊ထိုကြောက်စရာ အာရုံသည်။ အာဂစ္ဆတိ နူန၊

http://www.dhammadownload.com

လာလေ့ယောင်တကား။] **(ခ-၄)** "ဘီရဲ့ ပသံသန္တိ နု ဟိ တတ္ထ သုရဲ၊ ဘယာ ဟိ သန္တော နု ကရောန္တိ ပါပ"န္တိ၊ပါပံဟူ၍။(ဝုတ္တံ၊ဟောတော်မူအပ်သော) ဤဒဲ၊ဤဘယသည်။သြတ္တပ္ပဘယံ နာမသြတ္တပ္ပ ဘယ မည်၏။ (၀၊) ကြောက်လန့်ကြောင်း သြတ္တပ္ပဘယ မည်၏။

[* (ပဏ္ဍိတာ၊ပညာရှိတို့သည်။) ဘီရဲ့၊မကောင်းမှုမှ ကြောက်တတ်သော ပုဂ္ဂိုလ်ကို။ပသံသန္တိ၊ချီးမွမ်းကြကုန်၏။တတ္ထ၊ထိုမကောင်းမှုကို ပြုခြင်း၌။သုရဲ၊ရဲရင့်သူကို။နု ဟိ ပသံသန္တိ၊မချီးမွမ်းကြကုန်သည်သာ။ဟိ၊မချီးမွမ်းခြင်းသည် သင့်မြတ်၏။ဘယာ၊မကောင်းမှုမှ ကြောက်ခြင်းကြောင့်။သန္တော၊သူဆော်ကောင်းတို့သည်။ပါပံ၊မကောင်းမှုမှ။နု ကရောန္တိ၊မပြုကြကုန်။] **(၈)** တေသု၊ထိုလေးပါးသော ဘယတို့တွင်။ ဤ၌၊ဤအဟုဒေဝ ဘယ်ဟူသော ပါဠိ၌၊စိတ္တုတ္ပါသဘယံ၊စိတ်၏၊ထိတ်လန့်ခြင်းဟူသော ကြောက်ခြင်းသည်။

(ဃ) အဟု၊ဖြစ်ပြီ။အဟောသိ၊ဖြစ်ပြီ။ဤတိ အတ္ထော၊ဤကား အဟု၏ အနက်။

➢ **J** ။ **(ခ) သို့/ အနုသန္ဓိ** ။ ။ ဤသို့ (က) ဖြင့် ဘယသည် စိတ္တုတ္ပါသဘယ စသည်ဖြင့် လေးမျိုးရှိ၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းဘယလေးမျိုးကို ဥဒါဟရဏ်ပုံစံ ပါဠို အသီးသီးဖြင့် သရုပ်ထုတ်၍ ရဲ့ပြလိုသော ဆရာသည် (ခ) မိန့်။

(ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့်-- ပြဆို၏။ ၎င်းလေးပါးအပြားရှိသော ဘယတွင် အဘယ်သို့ ဟောတော်မူအပ်သော ဘယသည် စိတ္တုတ္ပါသဘယ မည်ပါသနည်း၊ အဘယ်သို့လာသော ဘယသည် ဉာဏဘယ မည်ပါသနည်း၊ အဘယ်၌ ဟောတော်မူအပ်သော ဘယသည် အာရမ္မဏဘယ မည်ပါသနည်း၊ အဘယ်သို့ ဟောတော်မူအပ်သော ဘယသည် သြတ္တပ္ပဘယ မည်ပါသနည်း၊(ခ) မိန့်။

(ခ-၂) သို့/ အနုသန္ဓိ ။ ။ ဤသို့ (ခ-၁) ဖြင့် စိတ္တုတ္ပါသဘယကို ဥဒါဟရဏ် ထုတ်ဆောင်ပြပြီး၍ ယခုအခါ၌ ဉာဏဘယကို ဥဒါဟရဏ်ထုတ်ဆောင်၍ ပြခြင်းငှာ (ခ-၂) ကို မိန့်။

(ခ-၂) သို့/ စောဒနာ ။ ။ ဆရာ၊ ဆရာသည် (ခ-၁) ဖြင့် --ပြဆို၏။ အဘယ်သို့ လာသော ဘယသည် ဉာဏဘယ မည်ပါသနည်း၊ "စတံ နူန တံ ဘယမောရဝံ အာဂစ္ဆတိ" ဟု လာသော ဘယသည် ဉာဏဘယ မည်ပါသလော၊ စုဒ်ကြောင့် (ခ-၂) ကိုမိန့်။

(ဂ) သို့/ အနုသန္ဓိ ။ ။ ဤသို့ (ခ) ဖြင့် လေးပါးအပြားရှိသော ဘယကို ဥဒါဟရဏ် ထုတ်ဆောင်၍ သာမညအားဖြင့် ပြပြီး၍ ယခုအခါ၌ ၎င်းလေးပါးအပြားရှိသော ဘယတို့တွင် ဤသာမညဖလသုတ်၌ အလိုရှိအပ်သော ဘယကို ဝိသေသအားဖြင့် ပြခြင်းငှာ (ဂ) ကိုမိန့်။

(ဂ) သို့/ သာဓေဘာဂမုဒ္ဓာ ။ ။ ဆရာ၊ ဆရာသည် (က-ခ) တို့ဖြင့် ဘယ-သည် စိတ္တုတ္ပါသဘယ စသည်ဖြင့် လေးမျိုးရှိကြောင်းကို ဥဒါဟရဏ်ပုံစံ ပါဠိအသီးသီးနှင့် တကွ ပြဆို၏။ ဤ အဟုဒေဝဘယံ-ဟူသော (သာမညဖလသုတ္တန်) ပါဠို၌ ဘယ-အရ ဘယလေးမျိုးလုံးကိုပင် ယူရပါမည်လော၊ ဤ၌ ဘယ-အရ အဘယ်ဘယကို ယူရပါမည်နည်း၊ (အံ့ကယ်၍ ဤ၌ယူရမည့်ဘယကို မပြသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။) စုဒ်ကြောင့် (ဂ) မိန့်။

(ဂ) သို့/ အာဇာဘာဂါယမုဒ္ဓဇောစနာ ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့်--ပြဆို၏။ စိတ္တုတ္ပါသဘယ-စသောအားဖြင့် ဘယလေးပါး အပြားရှိသည် မဟုတ်ပါလော၊ ယင်းသို့ ဖြစ်လျက်

http://www.dhammadownload.com

အဘယ်ကြောင့် ၎င်းလေးပါး အပြားရှိသော ဘယတို့တွင် ဤသာမညဖလသုတ်၌ စိတ္တုတြာသဘာယ ဖြစ်လေသနည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

➢ ၃ ။ [က+ဂ ခါကျခြိုက်ရှိရှု] (၁) နနု စိတ္တုတြာသဘယ်, ဉာဏဘယ်, အာရမ္မဏာဘယ်, သြတ္တပ္ပ ဘယန္တီ စတုဗ္ဗိဓံ ဘယံ။ (၂) အထ ကသ္မာ တေသု ဣဓ စိတ္တုတြာသ ဘယန္တီ ဝုတ္တံ။ (၃) နနု တဒညေသံ အသမ္ဘဝေါ ဟောတိ။ (၄) တသ္မာ တေသု ဣဓ စိတ္တုတြာသ ဘယန္တီ ဝုတ္တံ။

➢ ၄ ။ ဘာယတိ ဧတသ္မာတိ **ဘယံ**။ (၃) ကြောက်ခြင်းကြိယာသကတ်သည် ဝစန ဟောတု မည်၏။(၅) ကြောက်မက်ဖွယ်ကောင်းသော ဝတ္ထု အာရုံဖြစ်သည် ဝစနီယ မည်၏။ (၆) ဘေရဝံ, ဘီသနံ, ဘီမံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ယထာ တထာ ဘာယတီတိ **ဘယံ**။ (၃) ဟူးဟူးငြားငြား ယံဝါ တံဝါ အခြင်းအရာအားဖြင့် ကြောက်ခြင်း ကြိယာသကတ်သည် ဝစနဟောတု။ (၅) စိတ္တုတြာသ (ဝါ) ဒေါသဖြစ်သည် ဝစနီယ။ (၆) ဘီတိ, ဥတ္တာသော-စသော--။ * သြတ္တပ္ပမေဝ ဘယံ **သြတ္တပ္ပဘယံ**

ဘယတော တီရေတီတိ **ဘယံ**။ (ကေးမှ ကူးမြောက်တတ်သော ဉာဏဘယ ရ၏)

(၃) ကြောက်မက်ဘွယ်အားဖြင့် ဆုံးဖြတ်ခြင်းကြိယာသကတ်သည် ဝစနဟောတု။ (၅) ဉာဏဘယသည် ဝစနီယ။ (၆) သံဝေဂေါ, သန္တာသော-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ။

ဘာယတိ ဧတသ္မာတိ **ဘယံ**။ (၃) ဆုတ်နစ်သော လာသောအခြင်းအရာအားဖြင့် ဖြစ်သော ဒေါသပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ဟူသော ကတ္တုဒ္ဒကြိယာနှင့် အမနုဿဝေသော အာရုံ၏ ပကတူပနိဿယ သတ္တိ, အာရမ္မဏပစ္စယသတ္တိတည်းဟူသော အပါဒါနဒ္ဒကြိယာ သကတ်နှစ်ပါးအပေါင်းသည် ဝစန ဟောတု မည်၏။ (၅) အာရမ္မဏာဘယသည် ဝစနီယ။ (၆) ဘယဘေရဝံ-စသော--။

ပါပတော ဘာယတိ ဧတေနာတိ **ဘယံ**။ (မကောင်းမှုမှ ကြောက်ကြောင်းဖြစ်သော သြတ္တပ္ပ ဘယ ရ၏။) (၃) သြတ္တပ္ပသမ္မယုတ်ဖြစ်သော စိတ္တုပ္ပါဒ်တည်းဟူသော ကတ္တုဒ္ဒကြိယာနှင့် သြတ္တပ္ပ၏ သဟဇာတာဒိပစ္စယသတ္တိ, ပကတူပနိဿယသတ္တိတည်းဟူသော ကရဏဒ္ဒကြိယာ သကတ်နှစ်ပါးအပေါင်း သည် ဝစနဟောတု။ (၅) သြတ္တပ္ပဘယသည် ဝစနီယ။ (၆)

ဘီရုနော ဣဒန္တိ **ဧဘရံ**။ (၃) ကြောက်တတ်သူနှင့် ယင်းကြောက်တတ်သူ၏ ဥစ္စာဖြစ်သော ကြောက်မက်ဖွယ်ရာ ကြောက်စရာ အာရုံဝတ္ထု၏ အာရမ္မဏိက အာရုံ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဝစနဟောတု။ (၅) ကြောက်စရာအာရုံဖြစ်သည် ဝစနီယ။ (၆) အာရမ္မဏာဘယ ဘီတဗ္ဗဝတ္ထု-စသော သဒ္ဒါများသည် ဝစနီယတ္ထ။

* စိတ္တသ ဥတြာသော စိတ္တုတြာသော။ စိတ္တုတြာသောယေဝ ဘယံ **စိတ္တုတြာသဘယံ**။

* ဘယတော ဉာဏံ **ဘယဉာဏံ**=ကြောက်စရာဟူ၍ သိတတ် ဆုံးဖြတ်တတ်သော ဉာဏ်။

* အာရမ္မဏမေဝ ဘယံ **အာရမ္မဏာဘယံ**။ * ဘယတီတိ **ဘီရု**။ ဘီရုကော။

သူရေတီတိ **သူစရော**။ (၃) အားထုတ်ခြင်း, ရဲရင့်ခြင်း ကြိယာသကတ်သည် ဝစန ဟောတု။ (၅) ရဲရင့်သူဖြစ်သည် ဝစနီယ။ (၆) ဝီရော-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ။

http://www.dhammadownload.com

သမ္မန္တိတိ **သစ္ဆန္နာ**။ (၃) ငြိမ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု။ (၅) သူတော်ကောင်းခြင်းသည် ဝစနီယ။ (၆) သာဓေါ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ။

ရာဂါဒယော သမေန္တိတိ ဝါ **သစ္ဆန္နာ**။ (၃) သူတော်ကောင်း၏ ပကတူပနိဿယသတ္တိတည်း ဟူသော ဟေတုကတ္တုန္တကြိယာနှင့် ရာဂ-စသော ကိလေသာတို့၏ ငြိမ်းခြင်း, ချုပ်ခြင်း အဘာဝ-ဟူသော သုဒ္ဓကတ္တုန္တကြိယာတည်းဟူသော သကတ်နှစ်ပါးသည် ဝစနဟေတု။

➤ ❺ ။ **သုဇ္ဇော**-ကို သုဇနန္တတ္တာ-ဟု ဟိတ်ပြင်လျှင်= တေသံ (ဒီဃာယုကာနံ ဒေဝါနံ)ဟု သမ္ဗန် ခံရပါမည်။ (တို့၏/တို့သည် စပ်) * **စဇ္ဇေဖ္ဖီခံ**-ကို စတုဖ္ဖီဓတ္တာ-ဟု ဟိတ်ပြင်လျှင်- ဘယသာ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်) (ဃ) **အမဋ္ဌ**-ကို ဟေန္တတ္တာ-ဟု ဟိတ်ပြင်လျှင်- စိတ္တုတ္တြာသဘယသာ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

➤ ❻ ။ **(က)** ဖြင့် ဘယ-သည် သဒ္ဒန္တရိုက်ကို မငဲ့သော် စိတ္တုတ္တြာသဘယစသည်ဖြင့် အနက်လေးမျိုးကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္တ) (ဝါ) ဘယ-သည် စိတ္တုတ္တြာသဘယစသည်ဖြင့် ဘယလေးမျိုးရှိသတည်းဟု သိစေပါသည်။ (သရူပတ္တ)

(ဂ) ဖြင့် ဤ အဟုဒေဝ ဘယံ-ဟူသော (သာမညဖလသုတ်) ပါဠိတော်၌ ဘယ-အရ စိတ္တုတ္တြာသဘယကိုသာ ယူရမည် (ဝါ) လိုအပ်သတည်းဟု သိစေပါသည်။(အဓိပ္ပေတတ္တ)

(ဃ) ၌ အဟောသိ-ဖြင့် အဟုဒေဝ ဘယံ၌ အဟု-သည် တဒဟုပေါသထေ-မှ အဟုကဲ့သို့ နာမ်ပုဒ်မဟုတ်၊ အာချာတ်ပုဒ်၏အဖြစ်ကိုလင်း (ပဒသံဝဏ္ဏနာ) အံဟု-၌ ဟူ ဓာတ်၏အဖြစ်ကိုလင်း (ဓာတုပဒ) အဇ္ဇတ္တနီ ဝိဘတ်၏အဖြစ်ကိုလင်း (ဝိဘတ္တိပဒ) အဇ္ဇတ္တနီ ဤဝိဘတ်ကိုချေ၊ ဥကို ဥ-ရဿပြု၊ အ-လာ၍ အဟု-ဟု ရုပ်ပြီးနေသည်ကိုလင်း (ဘာဝတ္ထ) သိစေပါသည်။

➤ ❼ ။ **အဟုဒေဝ ဘယံ-၌ "ဘယ" စဒၵ/ဘယ ၄-မျိုးနှင့် သဒ္ဒမ် ဘရေးကို့ယ်**

(၁) စိတ္တုတ္တြာသဘယ= ဒေါသ စေတသိက်၊ (၂) ဉာဏဘယ= ဉာဏ်, အမောဟ စေတသိက်၊ (၃) အာရမ္မဏဘယ= ကြောက်မက်ဖွယ် အာရုံ ၆-ပါး၊ (၄) သြတ္တပ္ပဘယ= သြတ္တပ္ပစေတသိက် (ဝါ) သြတ္တပ္ပနှင့် တကွသော ဉာဏ်။ * **ဤ၌ လိုအပ်သော ဘယ**= စိတ္တုတ္တြာသဘယကို ယူရပါမည်။

ဓမ္မ ။ ။ အဟုဒေဝဘယံ၌ ဘာကြောင့် အဇာတသတ်မင်းကြောက်သည်ကို ဓကေဆရာတို့အလို ဖြေဆို၍၊ ယင်းဆရာတို့ အကြောင်းပြချက် ခိုင်လုံမှုရှိ/မရှိ စိစစ် ဆုံးဖြတ်ပါ။

အဇာတသတ်မင်းသည် အမိုက်တိုက်ကြောင့် ကြောက်သည်ဟု ဓကေ (ဥတ္တရ ဝိဟာရဝါသီ) ဆရာတို့ ဆိုကြပါသည်။ ယင်းဓကေဆရာတို့ အကြောင်းပြချက်သည် ခိုင်လုံမှု မရှိပါ။ **အကြောင်းကား**= အဇာတသတ်မင်း ဘုရားဖူးသွားရာ ထိုအခါ၌ မီးရှူးတို့ အရာ အထောင် အသိန်း အပိုင်းအခြား မရှိ (များပြားလှ) သည်၏ အဖြစ်ကြောင့်-တည်း။

စင်စစ်ကား- အဇာတသတ်မင်းသည် သရက်ဥယျာဉ်၏ ဆိတ်ငြိမ်သော အသံရှိသည်၏ အဖြစ်ကို မှီ၍ ဇီဝကခ္ခ ယုံမှားသင်္ကာရှိသောကြောင့် ကြောက်ပါသည်။ (ဋ္ဌ၁၃၇)

http://www.dhammadownload.com

➢ ❽ ။ (က) ဝါကျ- စိတ္တုတြာသဘယဖွေ့ဝ၊ အာရမ္မဏာဘယဖွေဝပိ။

ဥဏ္ဏောတ္တပ္ပဘယဖွေဝပိ၊ စတုဒ္ဓိဓံ ဘယံ ဟောတိ။ (ဝတ္တဂါထာ၊အနုဋ္ဌုတာဆန်း)

➢ ❾ ။ **အဟူစေဝ ဘယံ-ဠ္ဟ် ဘယ-အရ** ။ ။ စိတ္တုတြာသဘယ၏ တရားကိုယ် ဒေါသမူစိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဘယဠသိဘာဝ+ဘယာသုကရသ မည်၏။ ယုံမှားဘွယ်ဖြစ်သော အနီးအပါးရှိ ဇဝကသည် အာရမ္မဏဝိဘာဝ မည်၏။ သရုက်ဥယျာဉ်၌ အသံတိတ်ဆိတ်၍ ဇဝကသဲ့ယုံမှားခြင်း, အနီးသဲ့ သက်တော်စောင့် မရှိခြင်းသည် ဥဒ္ဓိပန ဝိဘာဝ မည်၏။ ကစ္စိ မံ သမ္မဇဝက နု ဝဇ္ဇေသိ-စသော စကားကို ပြောဆိုလျက် ကြောက်ခြင်းစသည်သည် အနုဘာဝ မည်၏။

(၉) ဠ္ဟ် သံဇဝဂ-အရ ။ ။ သဟောတ္တပ္ပဉာဏ်သည် ဓိဂုဏ္ဌာဌာယိဘာဝ+ဝိဘဏ္ဍရသ မည်၏။ ခန္ဓာငါးပါးသည် အာရမ္မဏဝိဘာဝ မည်၏။ ခန္ဓာငါးပါး၏ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ တို့သည်ငင်း၊ မြတ်စွာဘုရား၏ ခန္ဓာငါးပါးတို့သဲ့ ငါးဆယ်သော လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သော တရားတော်ကို ကြားနာရခြင်းတို့သည်ငင်း၊ ဥဒ္ဓိပနဝိဘာဝ မည်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် သုဂတိသို့ လားရခြင်း စသည်တို့သည် အနုဘာဝ မည်၏။



ဝါကျ (၂၉) [ဠ၊၁၃၆။] (၁၃၂၈-ခုမေး)

(က) ဆန္ဒိတဇ္ဇာဆ္ဆိ ဆဆ္ဆိတသသ ဘာဝေါ။ (ခ) သကလသရီရစလနဆ္ဆိ အတ္ထော၊

(ဂ) စလာစလံစသောတိ လောမဟံသနံ၊ (ဃ) ဥဒ္ဓံ ဠိတလောမတာတိ အတ္ထော၊

(င) သောပနာယံ လောမဟံသော ဓမ္မသဝနာဒီသု ပီတိဥပ္ပတ္တိကာလေ ပီတိယာဝိဟောတိ၊

ဘီရုကာဇာတိကာနံ သမ္မဟာရုပိသာစာဒိဒဿနေနသု ဘယေနာပိ၊

(စ) ကုဓ ဘယလောမဟံသောတိ ဝေဒိတဗ္ဗော၊ (ဘာသာဋီကာ၊ဒု၊၂၇၂။)

➢ ❿ ။ (က) ဆန္ဒိတတ္တဆ္ဆိ၊ဟူသည်ကား။ဆန္ဒိတသ၊ခိုင်မာခြင်းရှိသော် ကိုယ်၏။ဘာဝေါ၊ဖြစ်ကြောင်းဖြစ်ရာသည်။ (ခ) သကလသရီရစလနံ၊အလုံးစုံသော ကိုယ်၏ တုန်လှုပ်ခြင်းသည်။ကုတို အတ္ထော၊ဤကား အနက်။ (ဂ) လောမဟံသောတိ၊ဟူသည်ကား။လောမဟံသနံ၊အမွေးတို့၏ ရွှင်ခြင်းသည်။(ဝါ) ကြက်သီးမွေးညှင်းထခြင်းသည်။ (ဃ) ဥဒ္ဓံ၊အထက်၌။ဠိတလောမတာ၊တည်သော အမွေးရှိသည်၏ အဖြစ်သည်။ကုတို အတ္ထော၊ဤကားအနက်။

(င) ပန၊ဆက်ဦးအံ့။သော အယံ လောမဟံသော၊ထိုအမွေးတို့၏ ရွှင်ခြင်းသည်။(ဝါ) ထိုကြက်သီးမွေးညှင်း ထခြင်းသည်။ဓမ္မသဝနာဒီသု၊တရားနာရာအခါ အစရှိသည်တို့၌။ပီတိဥပ္ပတ္တိကာလေ၊ပီတိ ဖြစ်ရာအခါ၌။ပီတိယာဝိ၊ပီတိကြောင့်လည်း။ဟောတိ၊ဖြစ်တတ်၏။ * ဘီရုကာဇာတိကာနံ၊ကြောက်တတ်သူ၏ အဖြစ်ဟူသော သဘောရှိကုန်သော ပုဂ္ဂိုလ်တို့၏။သမ္မဟာရုပိသာစာဒိဒဿနေသု၊သတ်ပုတ်ရာစစ်ပွဲ မြေဘုတ်ဘီလူး အစရှိသည်ကို မြင်ရာအခါ အစရှိသည်တို့၌။ဘယေနာပိ၊ကြောက်ခြင်းကြောင့်လည်း။ဟောတိ၊ဖြစ်တတ်၏။ (စ) ကုဓ၊ဤ အဓာတသတ်မင်း၏ ကြက်သီးမွေးညှင်းထရာ၌။ဘယလောမဟံသောတိ၊ကြောက်ခြင်းကြောင့်ဖြစ်သော အမွေးတို့၏ ရွှင်ခြင်းဟူ၍။ဝေဒိတဗ္ဗော၊သိအပ်၏။

http://www.dhammadownload.com

➤ ❶ ။ **(၁) ဒဋ္ဌိ/ အနုသယန်** ။ ။ ဤသို့ (က) ဖြင့် ထွ-ပစ္စည်း၏ ဟောအနက်၌ ဖြစ်ခြင်းကို ပြပြီး၍ ယခုအခါ၌ ယင်းပါဠိ၏အနက်ကို (ဝါ) ဆန္ဒိကပုဒ်၏ အဘိဓေယျတ္ထနှင့် ဘာဝသဒ္ဒါ၏ သဒ္ဒပဝတ္ထုနိမိတ်ငါးပါးတို့တွင် စလနကြိယာဟူသော သဒ္ဒပဝတ္ထုနိမိတ် အနက်၌ ဖြစ်ခြင်းကို ပြခြင်းငှာ (ခ) မိန့်။

(၁) ဒဋ္ဌိ/ အနုသယန် ။ ။ ဤသို့ (က-ခ) တို့ဖြင့် ပစ္စယတ္ထ ပဒတ္ထတို့ကို ပြပြီး၍ ယခုအခါ၌ လောမဟံသော-ဟူသော ပါဠိ၌ ဏပစ္စည်း၏ ဟောအနက်၌ဖြစ်ခြင်းကို ပြခြင်းငှာ (ဂ) မိန့်။

(၁) ဒဋ္ဌိ/ စောဒနာ ။ ။ ဆရာ၊ ဆရာသည် (က-ခ) တို့ဖြင့် ပစ္စယတ္ထ ပဒတ္ထတို့ကို ပြဆို၏။ လောမဟံသော-ဟူသော ပါဠိ၌ ဏပစ္စည်းသည် အဘယ်အနက်၌ ဖြစ်ပါသနည်း ဟောအနက်မှတပါး သော အနက်၌ ဖြစ်လေသလော၊ (ဝါ) ဟောအနက်နှင့်တကွ ကတ္တား အနက်စသည်၌ ဖြစ်လေသလော၊ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) ဒဋ္ဌိ/ အနုသယန် ။ ။ ဤသို့ (ဂ) ဖြင့် လောမဟံသော-ဟူသော ပါဠိ၌ ဏပစ္စည်း၏ ဟော အနက်၌ ဖြစ်ခြင်းကို ပြပြီး၍ ယခုအခါ၌ အမွေးတို့၏ ရွှင်ခြင်းကို စင်စစ်အားဖြင့် ရအပ်သည်မဟုတ်၊ အမွေးတို့၏ ရွှင်ခြင်းဟူသည် အထက်၌တည်သော အမွေးရှိသည်၏ အဖြစ်ပင်တည်းဟူသော အဓိပ္ပါယတ္ထ ကို ပြခြင်းငှာ (ဃ) မိန့်။

(ဃ) ဒဋ္ဌိ/ အယုတ္တစောဒနာ ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် အမွေးတို့၏ ရွှင်ခြင်းသည် လောမဟံသ မည်သောဟု ဆို၏။ အမွေးတို့သည် အဝိညာဏကဖြစ်၍ ရွှင်တတ်သော သဘော မရှိသည် မဟုတ်ပါလော၊ (တနည်း) အမွေးတို့သည် သတ္တဝါတို့ကဲ့သို့ သောမနဿအားဖြင့် ရွှင်ခြင်း မရှိသည် မဟုတ်ပါလော၊ (ဂဏ္ဌိ) အဘယ်သို့ဖြစ်သည်ကို အမွေးတို့၏ ရွှင်ခြင်းဟူ၍ ဆိုအပ်ပါသနည်း၊ စုဒ်ကြောင့် (ဃ) မိန့်။ **အဓိပ္ပါယ်ကား**- အထက်၌တည်သော အမွေးရှိသည်၏အဖြစ်ကို သဒ်သုပစာအားဖြင့် "အမွေးတို့၏ ရွှင်ခြင်း"ဟူ၍ ဆိုအပ်ပါ၏ဟူလို။

(ဇ) ဒဋ္ဌိ/ အနုသယန် ။ ။ ဤသို့ (ဂ-ဃ) တို့ဖြင့် လောမဟံသောဟူသော ပါဠိ၌ ပစ္စယတ္ထ ဘာဝတ္ထကို ပြပြီး၍ ယခုအခါ၌ ၎င်းလောမဟံသကို ဖြစ်ရာကာလအားဖြင့်၎င်း ဖြစ်ကြောင်းကာရကာအား ဖြင့်၎င်း ဝေဖန်၍ပြခြင်းငှာ (ဇ) မိန့်။

(ဇ) ဒဋ္ဌိ အန္တောလီနစောဒနာ ။ ။ ဆရာ၊ ဆရာသည် (ဂ-ဃ) တို့ဖြင့် လောမဟံသော ဟူသော ပါဠိ၌ ပစ္စယတ္ထ ဘာဝတ္ထကို ပြဆို၏။ ၎င်းလောမဟံသောသည် အဘယ်အခါ၌ ဖြစ်ပါသနည်း၊ အဘယ်ဖြင့် (ဝါ) အဘယ်ကြောင့် ဖြစ်ပါသနည်း-ဟူသော အန္တောလီန စောဒနာကိုရည်၍ (ဇ) မိန့်။

(တနည်း) --ပြဆို၏။ ၎င်းလောမဟံသသည် အဘယ်အခါ၌ ဖြစ်ပါသနည်း၊ ဓမ္မသဝနာဒိကာလ-ဝယ် ပီတိဖြစ်သော အခါ၌သာ ဖြစ်ပါသလော၊ ထိုသို့ မဟုတ်မူကား သမ္မဟာရဝိသာစ စသည်ကို ဖြစ်ရာအခါ၌သာ ဖြစ်ပါသလော၊ အဘယ်ဖြင့် (ဝါ) အဘယ်ကြောင့် ဖြစ်ပါသနည်း၊ ပီတိဖြင့်သာ (ဝါ) ပီတိကြောင့်သာ ဖြစ်လေသလော၊ ထိုသို့ မဟုတ်မူကား ဘယဖြင့်သာ (ဝါ) ဘယကြောင့်သာ ဖြစ်လေသလော။ စုဒ်ကြောင့်- (ဇ) မိန့်။

http://www.dhammadownload.com

➤ ❽ ။ [၈+ဃ ဝါကျတွဲကို၌] (၁) နနု လောမံ သဒ်ဝေါဝိယ နှ ဟံသတိ။ (၂) အထ ကသ္မာ လောမဟံသောတိ လောမဟံသနန္တိ ဝုတ္တံ။ (၃) နနု ဟံသန သဒ်ိသတာယ ဥဒ္ဒံ ဠ်တလောမတာ ဟောတိ။ (၄) တသ္မာ လောမဟံသောတိ လောမဟံသနန္တိ ဝုတ္တံ။

[၈–ဝါကျတွဲ၌] (၁) နနွာယံ လောမဟံသသဒ္ဒေါ အနေကတ္ထော ဟောတိ။ အထဝါ နနု လောမ ဟံသော ဒုဝိဓော ဟောတိ။ (၂) အထ ကသ္မာ ဣဓ ဘယလောမဟံသောတိ ဝေဒိတဗ္ဗော။ (၃) တဒုဘယ အဝိသယတ္တာ။ အထဝါ သဒ္ဒန္တရ သန္နိဓာနေန။ (၄) ဣဓ ဘယလောမဟံသောတိ ဝေဒိတဗ္ဗော။

[၈+ဒ ဝါကျတွဲကို၌] (၁) နနု သော ပနာယံ လောမဟံသော ဓမ္မသဝနာဒီသု ပီတိဥပ္ပတ္တိကာလေ ပီတိယာပိ ဟောတိ။ ဘိရုကဇာတိကာနံ သမ္မဟာရပိသာစာဒိ ဒဿနေသု ဘယေနာပိ။ (၂) အထ ကသ္မာ ဣဓ ဘယလောမဟံသောတိ ဝေဒိတဗ္ဗော။ (၃) နနု ပီတိလောမဟံသဿ အသမ္ဘဝေါ ဟောတိ။ (၄) တသ္မာ ဣဓ ဘယလောမဟံသောတိ ဝေဒိတဗ္ဗော။

➤ ❾ ။ သရတိ ဂစ္ဆတီတိ **သရီရံ**။ (၁) သွးခြင်းကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၂) ခန္ဓာကိုယ်ခြဲမ်သည် ဝစနီယ မည်၏။ (၃) ဝပု, ဂတ္တံ–စသော ပရိယာယ်သဒ္ဒါ များသည် ဝစနီယတ္တ မည်၏။

သရန္တိ ဝါ တံ ဟီသန္တိတိ **သရီရံ**။ (၁) ညှင်းဆဲသော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါသပြဋ္ဌာန်းသော ဒေါသမူစိတ္တာပ္ပါဒ်တည်းဟူသော ကတ္တုန္ဒြကြိယာနှင့် ကိုယ်၏ အာရမ္မဏ ပစ္စယသတ္တိ တည်းဟူသော ကမ္မဠကြိယာသကတ် နှစ်ပါးအပေါင်းသည် ဝစနဟောတု။

ဝမုမာနံ လူယတေတိ **စလာမံ**။ (၁) ဖြတ်ခြင်းကြိယာသကတ်သည် ဝစနဟောတု။(တနည်း) အမွေး၏ အာရမ္မဏ ပစ္စယသတ္တိတည်းဟူသော ကမ္မဠကြိယာသည် ဝစန ဟောတု။ (တနည်း) ရိတ်ဖြတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တာပ္ပါဒ်တည်းဟူသော ကတ္တုန္ဒြကြိယာနှင့် အမွေး၏ အာရမ္မဏ ပစ္စယသတ္တိတည်းဟူသော ကမ္မဠကြိယာသကတ် နှစ်ပါးအပေါင်းသည် ဝစနဟောတု။ (၅) အမွေးခြဲမ်သည် ဝစနီယ။ (၆) တနုရုဟ, ရောမ–စသော–––။

ပီသိတံ မံသံ အသတိ ဘက္ခတိတိ **မိသာစစာ**။ (၁) စားခြင်းကြိယာသကတ်သည် ဝစနဟောတု။ (၅) မြေဘုတ်ဘိလူးခြဲမ်သည် ဝစနီယ။ (၆) ပေတ, ယက္ခ–စသော–––။

ထမ္ဘနံ **ထမ္ဘော**။ ထမ္ဘော သဒ္ဒါတော အဿ အတ္ထိတိ **ထမ္ဘီတံ**။

ဘီရုကာ ဇာတိ **ဘီရုကဇာတိ**။ (အစိတ်) ဘီရုကဇာတိ ဇောသံ အတ္ထိတိ **ဘီရုက ဇာတိကာ**။ (အပေါင်း) (၁) ကြောက်တတ်သော သဘောဂါ၏ ပုဂ္ဂိုလ်တို့နှင့် ဂုဏ်–ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဝစနဟောတု။ (၅) ကြောက်တတ်သော သဘောရှိကုန်သော ပုဂ္ဂိုလ်ခြဲမ်သည် ဝစနီယ။ (၆) ဘယဇာတိကာ, ဘီရုကသဘာဝဝန္တာ–စသော–––။

➤ ❿ ။ **ဠီဇစလာမဇာ**-ဠ် တာသမ္ဗန်ကားး သရီရဿ ဖြစ်ပါသည်။ * ယင်း တာ–သမ္ဗန်ကို ကတ္တားအနက် ပြန်သင့်သည်။ * **ဠီဇစလာမ**-၏ ဝစ္စတ္ထကားး ကတ္တုတ္ထ။ (စ) ဠ် **စဝဒီဇစဇ္ဇာ**-ကို ဝေဒိတဗ္ဗတ္ထာ–ဟု ဟိတ်ပြင်လျှင်– အဓိဗ္ဗုတတ္ထဿ–ဟု သမ္ဗန် ခံရပါမည်။

http://www.dhammadownload.com

(၏/ကို စပ်)

➤ ❻ ။ **(က)** ဖြင့် ဆန္ဒိတတ္တံကို ဆန္ဒိတဿ ဘာဝေါ ဆန္ဒိတတ္တံ–ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုငင်း (အဘိဓေနတ္ထ) တ္တ–ပစ္စည်း ဘာဝတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုငင်း (ပစ္စယတ္ထ) သိစေပါသည်။

(ခ) ဖြင့် ဆန္ဒိတတ္တံ–၌ ထန္ဒိတတ္တ–ဟု ဆိုလိုလျက် ထ–ကို ဆပြု၍ ဆန္ဒိတတ္တ–ဟု ရုပ်ပြီး နေသည်ကိုငင်း (ဘာဝတ္ထ) ဆန္ဒိတတ္တ–ဟူသည် တကိုယ်လုံး တုန်လှုပ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို ငင်း (ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ လောမဟံသနံဖြင့် လောမဟံသော–၌ ဟံသေဟုဒ်ကို ဟံသနံ ဟံသော–ဟု ပြုရမည်၏ အဖြစ်ကိုငင်း (အဘိဓေနတ္ထ) ဏပစ္စည်း ဘာဝသာဓနအနက်၌ သက်သည်၏ အဖြစ်ကိုငင်း (ခု–ပစ္စယတ္ထ) အပေါင်းပုဒ်ကို လောမာနံ ဟံသော လောမဟံသော–ဟု ဆဒ္ဒီတပ္ပုရိသ်ပြုရမည်၏အဖြစ်ကိုငင်း (သမာသ လိင််တ္ထ) သိစေပါသည်။

(ဃ) ၌ ဥန္ဒ ဌိတလောမတာဖြင့် လောမဟံသ=အမွေးတို့၏ ရှင်ခြင်းဟူသည် သတ္တဝါတို့ကဲ့သို့ သောမနဿဖြင့် ရှင်ခြင်းမဟုတ်၊ အထက်၌တည်သော အမွေးရှိသည်၏အဖြစ်ပင်တည်းဟု သိ။(ဘာဝတ္ထ)

➤ ❼ ။ **(ဝ) ဝါက္ယ**– သော ပနာယံ လောမဟံသော၊ ဓမ္မသဝနာဒိသု ။

ပီတိယာ ဥပ္ပတ္တိကာလေ၊ ပီတိယာပိစ သမ္ဘဝေ။ (ဥဘယ ရ–ကာရဝိပုလာဂါထာ၊အနုဋ္ဌုဘာဆန်း)

* ဘီရုကဇ္ဈောတိကာနံဝ၊ သမ္ဘဟာရပိသာစာဒီ ။

ဒဿနေသု ဘယေနာပိ၊ ဟောတိ သော လောမဟံသောယံ။ (ဝတ္ထုဂါထာ၊အနုဋ္ဌုဘာဆန်း)

➤ ❽ ❾ ။ **(ဇ) ၌ ဘာဇေယန–အရ်ကို ဂ္ဂိယမ်ပြု၍** ။ ။ (၁) ဘယေန–အရ ကြောက်သော အခြင်းအရာအားဖြင့်ဖြစ်သော ဆုတ်နစ်သော ဒေါသမူစိတ္တုပ္ပါဒ်သည် (ဝါ) ၎င်း၌ ဒေါသသည် ဘယဌာယီ ဘာဝ+ဘယာနကရသ မည်၏။ (၂) သမ္ဘဟာရပိသာစ–စသော ကြောက်မက်ဖွယ်ရာ ဝတ္ထုသွေ့သည် အာရမ္မဏာ ပိဘာဝ မည်၏။ (၃) ဆိတ်ငြိမ်သော အရပ်, သမ္ဘဟာရပိသာစ စသည်ကိုမြင်ရာကာလ, သမ္ဘဟာရ ပိသာစ စသည်တို့၏ အမူအရာသည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) အော်ဟစ်မြည်တမ်းခြင်း, တုန်လှုပ် ခြောက်ခြားခြင်း, ရှောင်ရှဲပြေးလိုခြင်း စသည်တို့သည် အနုဘာဝ မည်၏။

ပီတိယာပိ စမာဘိ–အရ ။ ။ ပီတိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ +ဓမ္မသိဂ်ါရ ရာ မည်၏။ တရားတော်မွေသည် အာရမ္မဏဝိဘာဝ မည်၏။ ဓမ္မ၏ အာဒီကလျာဏ–စသော ဂုဏ် သည်၎င်း, ယောနိသောမနသိကာရသည်၎င်း ဥဒ္ဒိပနဝိဘာဝ မည်၏။ ဓမ္မကို သိရခြင်း, ကြက်သီး မွေးညှင်းထခြင်း စသည်သည် အနုဘာဝ မည်၏။

တီကျ (ဥဒ) [ဋ္ဌ၁၃၇။]

(က) ကသ္မာ ပနေသ ဘီတောတိ ? အန္ဓကာရေနာတိ ဧကော ဝဒန္တိ၊

(ခ) ရာဇဂဟာ ကိရ ဒွတ္တိသ မဟာဒွါရာနိ, စတုသဋ္ဌိ ခုဒ္ဒကဒွါရာနိ၊ ဇိဝကဿ အမ္ဗဝနံ ပါကာရသ္သ စဂိဿကူဋဿသ အန္တရာဟောတိ၊ သော ပါစီနဒွါရေနနိက္ခမိတွာ ပဗ္ဗတစ္ဆာယာယ ပါဝိသိ၊

http://www.dhammadownload.com

တတ္ထ ပဗ္ဗတ ကူဋေန္တ စဇန္ဒု ဆာဒိတော၊ ပဗ္ဗတစ္ဆာယာယစ ရုက္ခစ္ဆာယာယစ အန္ဓကာရံ အဟောသိတိ။ (၇) တတ္ထိ အကာရက်၊ (ယ) တဒါဟိ ဥက္ကာနံ သတသဟဿာနမ္ပိ ပရိစ္ဆေဒေါ နတ္ထိ။ (၄) အယံ ပန အပ္ပသဒ္ဒတံ နိဿာယ ဇီဝကေ အာသင်္ကာယ ဘိတော။

➢ ❷ ။ (က) ပန၊ပရိဟာရဝါက္ယမှတပါး စောဒကပက္ခကို ဆိုဦးအံ့။ကသ္မာ၊အဘယ့်ကြောင့်။ သေ–သော၊ဤ အဓာတုသတ်မင်းသည်။ဘိတော၊ကြောက်သနည်း။ကြတိ၊ဤကား အမေးတည်း။အန္ဓကာရေန၊ အမိုက်မှောင်ကြောင့်။ (ဘိတော၊ကြောက်၏။) ကြတိ၊ဤသို့။ကေ၊အချို့ကုန်သော ဥတ္တရ ဝိဟာရဝါသီ ဂိုဏ်းဆရာတို့သည်။ဝဒန္တိ၊ဆိုကြကုန်၏။

(ခ) ကိရ၊ချဲ့ဦးအံ့ ။ရာဇဂဟော၊ရာဇဂြိုဟ်မြို့၌။ဒွတ္တိံသ(၃၂)ပေါက်သော။မဟာဒွါရာနိ၊တံခါးမကြီး တို့သည်၎င်း။စတုသဋ္ဌိ၊၆၄–ပေါက်သော။ခုဒ္ဒကဒွါရာနိ၊တံခါးငယ်တို့သည်၎င်း။ (သန္တိ၊ရှိကုန်၏။) ဇီဝကဿ၊ ဇီဝက၏ ။အမ္ဗဝန်၊သရဏ်ဥယျာဉ်သည်။ပါကာရဿစ၊မြို့ရိုး၏၎င်း။ဂိဇ္ဈကူဋဿစ၊ဂိဇ္ဈကူဋ်တောင်၏၎င်း။အန္ဓရာ၊ အကြား၌။ဟောတိ၊၏ ။ဧသော၊ထိုမင်းသည်။ပါစီနဒွါရေန၊အရှေ့တံခါးပေါက်ဖြင့်။နိက္ခမိတွာ၊ထွက်၍။ပဗ္ဗတ စ္ဆာယာယ၊တောင်အရိပ်ဖြင့်။ပါဝိသိ၊ဝင်ပြီ။ တတ္ထ၊ထိုသရဏ်ဥယျာဉ်၌။ပဗ္ဗတကူဋ္ဌေန၊တောင်ထွဋ်သည်။ စန္ဒေါ၊လကို။ဆာဒိတော၊ဖုံးကွယ်အပ်ပြီ။ပဗ္ဗတစ္ဆာယာယစ၊တောင်ရိပ်ကြောင့်၎င်း။ရုက္ခစ္ဆာယာယစ၊သစ်ပင် ရိပ်ကြောင့်၎င်း။အန္ဓကာရံ၊အမိုက်မှောင်သည်။အဟောသိ၊ဖြစ်ပြီ။ကြတိ၊သို့။ဝဒန္တိ၊ဆိုကုန်၏။

* (၇+ယ) ဝါက္ယ ပရိဝတ္တနနည်း (ဝါကျ အပြန်အလှန်)

(၇) တတ္ထိ၊ထိုစကားသည်လည်း။အကာရက်၊အကြောင်းမဟုတ်။ (ကသ္မာ၊အဘယ့်ကြောင့်။ တတ္ထိ၊သည်လည်း။အကာရက်၊အကြောင်းမဟုတ်သနည်း။) (ယ) ဟိ–ယသ္မာ၊အကြင့်ကြောင့်။တဒါ၊မြို့မှ ထွက်၍လာရာ ထိုအခါ၌။ဥက္ကာနံ၊မီးရှူးတို့၏။သတသဟဿာနမ္ပိ၊အသိန်းတို့၏သော်မှလည်း။ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။နတ္ထိ၊မရှိ။တသ္မာ၊ထို့ကြောင့်။တတ္ထိ၊သည်လည်း။အကာရက်၊အကြောင်းမဟုတ်သတည်း။

(၄) ပန၊အဟုတ်ကား။အယံ၊ဤအဓာတသတ်မင်းသည်။အပ္ပသဒ္ဒတံ၊တိုးသော အသံရှိသည်၏ အဖြစ်ကို။ နိဿာယ၊မှီ၍။(အကြောင်းပြု၍) ဇီဝကေ၊ဇီဝက၌။အာသင်္ကာယ၊ယုံမှားခြင်းကြောင့်။ဘိတော၊ကြောက်၏။

➢ ❶ ။ (၇) ဒွီ/ သာဓာရဏပုဏ္ဏာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အဓာတသတ်မင်းသည် အမိုက်မှောင်ကြောင့် ကြောက်၏ဟု ဧကေ–ဆရာတို့ ဖွင့်ဆိုကြကြောင်းကို ပြဆို၏။ တန်ဆောင်မုန်း လပြည့်နေ့သည်ဖြစ်၍ လရောင် တထိန်ထိန် သာနေသည်မဟုတ်ပါလော၊ အဘယ်သို့လျှင် (ရာဇဂြိုဟ်မြို့ ၌) အမိုက်မှောင်ဖြစ်နေပါသနည်း၊ စုဒ်ကြောင့်–(ခ) မိန့်

(၇) ဒွီ/ ပုဏ္ဏာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် –– ပြဆို၏။ ယင်းဧကေဆရာတို့ ဆိုသော စကားသည် ယုတ္တိရှိပါ၏လော၊ သင့်မြတ်မှန်ကန်ပါ၏လော၊အဘယ်သို့ မှတ်သားအပ်ပါသနည်း။ (ဂ)

(ယ) ဒွီ/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် အမိုက်မှောင်ကြောင့် အဓာတသတ်မင်း ကြောက်၏ဟု ဆိုသော ဧကေဆရာတို့ဆိုသော စကားသည် ယုတ္တိမရှိ၊ သင့်မြတ်မှန်ကန်သော အကြောင်းမဟုတ်ဟု ဆို၏။ အဘယ့်ကြောင့် သင့်မြတ်မှန်ကန်သော အကြောင်းမဟုတ်ဟု. ဆိုရပါသနည်း၊ တောင်ရိပ်, သစ်ရိပ် ဖြင့် အမိုက်မှောင် (အမှန်တကယ်) ဖြစ်နေသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဃ) မိန့်။

http://www.dhammadownload.com

(၈) **ဇန်္ဓိ/ အနုသေန္ဓ** ။ ။ ဤသို့ (က-ခ-ဂ-ဃ) တို့ဖြင့် ဧကဝါဒကို အကြောင်းနှင့်တကွ ဝိနိစ္ဆယချကာ ရေးသားဖွင့်ဆိုပြီး၍ ယခုအခါ၌ သကဝါဒကို ပြလိုသော ဆရာသည် (င) မိန့်။

(ဇ) **ဇန်္ဓိ/** ဆရာ၊ ဆရာသည် (ဃ) ဖြင့် တစ်သိန်းမကများစွာသော မီးရှူးတို့၏ အပိုင်းအခြားမရှိ-ဟု ဖွင့်ဆို၏။ ယင်းသို့တပြီးကား ကြက်သီးထအောင်ပင် အခေါင်ရာဇာ ဘယ်အကြောင်းအရာကြောင့် ကြောက်ရှာသနည်း၊ မကြောက်သင့်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဇ) မိန့်။

➤ ❷ ။ [ဂ+ဃ ဓါကျဓဉ်ကိုရှု] (၁) နနု ပဗ္ဗတစ္ဆာယာယစ ရုက္ခစ္ဆာယာယစ အန္ဓကာရံ အဟောသိ။ (၂) အထ ကသ္မာ တမွိ အကာရဏာန္တိ ဝုတ္တံ။ (၃) နနု တဒါ ဥက္ကာနံ သတသဟဿာနမွိ ပရိစ္ဆေဒေါ နတ္ထိ။ (၄) တသ္မာ တမွိ အကာရဏာန္တိ ဝုတ္တံ။

[ဃ+ဇ ဓါကျဓဉ်ကိုရှု] (၁) နနု တဒါ ဥက္ကာနံ သတသဟဿာနမွိ ပရိစ္ဆေဒေါ နတ္ထိ။ (၂) အထ ကသ္မာ ဧသ ဘိတော။ (၃) နနု အယံ အပ္ပသဒ္ဒတံ နိဿာယ ဇီဝကော အာသင်္ကာယ ဘိတော။ (၄) တသ္မာ ဧသ ဘိတော။

➤ ❸ ။ စန္ဒတိ ဟိလာဒယတိ သုခယတိ ပဇန္တိ **စဇန္ဒ**။ (၃) (သတ္တဝါအပေါင်းကို) ချမ်းသာစေခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) လ-ဒြဗ်သည် ဝစနိယ မည်၏။ (၆) ဣန္ဒန္ဒ့, နက္ခတ္တရာဇာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနိယတ္ထ။

ဒွဂန္တိ သံဝရန္တိ ရုက္ခန္တိ **ဇေ**တောတိ **ဇ္ဈါ**ရံ။ (၃) စောင့်ခြင်း ကြိယာသကတ်သည် ဝစန ဟေတု။ (၅) တံခါးဒြဗ်သည် ဝစနိယ။ (၆) ပရိဟာရ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနိယတ္ထ။

သမန္တတော ကရီယတေတိ **မါ**ကာ**ဇ**ရော။ (၃) ပြုခြင်းကြိယာသကတ်သည် ဝစန ဟေတု။ (၅) တံတိုင်းဒြဗ်သည် ဝစနိယ။ (၆) ဝရဏ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနိယတ္ထ။

အန္ဓတိ ပုဗ္ဗဘာဝ မာပဇ္ဇတေတိ **ပါ**ဒီနံ။ (၃) ရှေ့အဖြစ်သို့ ရောက်ခြင်းကြိယာ သကတ်သည် ဝစနဟေတု။ (၅) ရှေးဖြစ်သော တံခါးဒြဗ်သည် ဝစနိယ။ (၆) ပုဗ္ဗ, ပုရ။

ဆေတိ ဆိန္ဒတိ သံသယန္တိ **ဆ**ာယာ။ (၃) ဖြတ်ခြင်းကြိယာသကတ်သည် ဝစနဟေတု။ အရိပ်ဒြဗ်သည် ဝစနိယ။ (၆) ပဋိဗိမ္ဗ, ပဋိရူပက-စသော ပရိယာယ်သဒ္ဒါများသည် ဝစနိယတ္ထ။

➤ ❹ ။ **ဆာဒီဇတော**-ကို ဆာဒိတတ္တာ-ဟု ဟိတ်ပြင်လျှင်- ဓန္ဓသ-ဟု သမ္ဓန်ခံ ရပါမည်။ (၏/ကို ၈ပ်) (ဂ) ၌ **အပ္ပသဒ္ဒတံ**-၌ တာ-သမ္ဓန်ကား အမြဝနာသ ဖြစ်သည်။

